မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၅ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၄၀)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတ ဒေါက်တာဆူဆီလို ဘန်ဘန်း ယူဒိုယိုနိုထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျဗားကျွန်းတွင် လွန်ခဲ့သော ရက်အနည်းငယ်အတွင်းက ငလျင်လှုပ်ခတ်မှုကြောင့် အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် စာနာထောက်ထားကြောင်း သဝဏ်လွှာကို အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလို ဘန်ဘန်း ယူဒိုယိုနိုထံသို့ ပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အင်ဒိုနီးရှားသမ္မတထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျဗားကျွန်းတွင် လွန်ခဲ့သော ရက်အနည်းငယ်အတွင်းက ငလျင်လှုပ်ခတ်မှုကြောင့် အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် စာနာထောက်ထားကြောင်း သဝဏ်လွှာကို အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလို ဘန်ဘန်း ယူဒိုယိုနိုထံသို့ ပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

မူးယစ်ဆေးစွဲမှု နှစ်သိမ့်ဆွေးနွေးရေးနှင့် သင်တန်းအဆောက်အအုံဖွင့်ပွဲ အခမ်းအနားကျင်းပ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးတို့ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းလှူပ်ရှားမှု မှတ်တမ်းတင်ဓာတ်ပုံများကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်း မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်အနီးရှိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း မူးယစ်ဆေးစွဲမှု နှစ်သိမ့်ဆွေးနွေးရေးနှင့် သင်တန်းအဆောက်အအုံ၌ ကျင်းပသည့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းသို့ ဂျပန်နိုင်ငံ အစိုးရနှင့် ပြည်သူများက ဆောက်လုပ်လှူဒါန်းသော မူးယစ်ဆေးစွဲမှု နှစ်သိမ့်ဆွေးနွေးရေးနှင့် သင်တန်းအဆောက်အအုံဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးချုပ်သန်းဟန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Nobutake Odano နှင့်သံရုံးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးစံသိန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ●

မြန်မာ့အလင်း

ဆောင်းပါး အညွှန်း

❒ **KNU** တို့၏ ရက်စက်ကြမ်းကြုတ်သော အဆိုပါ အကြမ်းဖက်အဖျက်လုပ်ရပ်များမှာ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် ခါးသီးနာကြည်းဖွယ်ရာများပင် ဖြစ်ပါသည်။ ဤခါးသီး နာကြည်းဖွယ်ရာများကို နိုင်ငံတော်အစိုးရက အတိတ်ကို အတိတ်မှာထားပြီး တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးအား အလေးထားရှေးရှုကာ **KNU** တို့အတွက် ငြိမ်းချမ်းရေးတံခါးကို ကာလရှည်လျားစွာ ဖွင့်လှစ်ပေးထားခဲ့ခြင်းဖြစ်ပါသည်။

စိုးမြကျော်နှင့် စောမြအောင်၏ **NLD** ဟာ တကယ်တော့ ... ... ဆောင်းပါး (စာ ၈-၉နှင့်၁၀)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၀၆ ခုနှစ်၊ မေလ ၃၁ ရက်)

သက်ရှည် ကျန်းမာလိုလျှင် ဆေးလိပ်သောက်သုံးမှုရှောင်ကြဉ်

ပြည်သူများ၏ ကျန်းမာရေးအတွက် သတိပြုဆင်ခြင်အပ်သည့် အပြုအမူတစ်ရပ်မှာ ဆေးလိပ်သောက်သုံးမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်ဖြစ်သည်။

စီးကရက်နှင့် ဆေးလိပ်အမျိုးမျိုးသောက်ခြင်း၊ ကွမ်းယာတွင် ဆေးထည့်စားခြင်း၊ ဆေးရွက်ကြီးငုံခြင်း စသည်တို့ကြောင့် ကင်ဆာ၊ နှလုံးရောဂါနှင့် အခြားရောဂါအမျိုးမျိုးဖြစ်ပွားပြီး စောစီးစွာ အသက်ဆုံးရှုံးလျက်ရှိကြသည့်အတွက် ယင်းအန္တရာယ်ကို လူအများ သိမြင်သဘောပေါက်ရန် လိုပေသည်။

ဆေးလိပ်သောက်သုံးခြင်းနှင့်ဆေးလိပ်အငွေ့များကြောင့် မျိုးဆက်သစ်များ၏ ကျန်းမာရေးကို ထိခိုက်စေပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည်။

မြန်မာနိုင်ငံတွင် အမျိုးသား ၅၀ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၂၀ ရာခိုင်နှုန်းသည် ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲသူများ ဖြစ်ပြီး အများစုမှာ ကျေးလက်နေပြည်သူများဖြစ်ကြောင်း တွေ့ရှိရသည်။ ဆေးရွက်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများအတွက် ကုန်ကျစရိတ်သည် ဝင်ငွေနည်းပါးသော မိသားစုများတွင် ပိုမိုသိသာစွာတွေ့ရှိရပြီး ဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းကျော်ကို ဆေးလိပ်သောက်သုံးရန် သုံးစွဲကြောင်း သိရသည်။

ဆေးပေါ့လိပ်၊ လက်နှင့်လိပ်ထားသော ဖက်ရွက်ဆေးလိပ်၊ စီးကရက်များတွင် ဆေးရွက်ကြီးကို ထည့်၍လည်းကောင်း၊ ကွမ်းယာများတွင် ပြည်ပမှ ဝင်ရောက်လာသောဆေးများနှင့် ဆေးရွက်ကြီးများကို ထည့်၍လည်းကောင်း၊ ဆေးရွက်ကြီးငုံခြင်းတို့ဖြင့်လည်းကောင်း ဆေးရွက်ကြီးကို အများဆုံးအသုံးပြုကြသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုကို ထိန်းချုပ်ခြင်းအားဖြင့် ပြည်သူများ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးအဆင့်အတန်း မြင့်မားလာရေးအတွက် အထောက်အကူပြုမည် ဖြစ်သည်။

ဆေးလိပ်သောက်သုံးမှုကို ထိန်းချုပ်သည့်အနေဖြင့် မြန်မာနိုင်ငံတွင် ၂၀၀၂ ခုနှစ် မေလမှစ၍ ကျောင်းပတ်ဝန်းကျင်ရှိ ဆိုင်းဘုတ်များ၊ ဆေးရုံများ၊ အားကစားရုံများ၊ ကျန်းမာရေးဌာနများတွင် ဆေးလိပ်နှင့်ပတ်သက်သော ကြော်ငြာများကို တားမြစ်ခဲ့သည်။ ၂၀၀၃ ခုနှစ် အစောပိုင်းတွင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ၌ ကြော်ငြာခြင်းကို ပိတ်ပင်ခဲ့သည်။

ယခုအခါ နိုင်ငံတော်က ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေကို ၂၀၀၆ခုနှစ် မေလ ၄ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။

ယခုအခါ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုကို ထိန်းချုပ်နိုင်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးမှု၏ နောက်ဆက်တွဲဖြစ်သည့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ပြဿနာများ လျော့ကျသွားနိုင်မည် ဖြစ်သည်။ သို့ဖြစ်၍ သက်ရှည် ကျန်းမာလိုလျှင် ဆေးလိပ်သောက်သုံးမှု ရှောင်ကြဉ်သင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံပိုင် ဆန်စက်ခြောက်စက်နှင့် ဖွဲနုဆီစက်နှစ်စက် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ကြမ်းခင်းဈေးဖြင့် ရောင်းချမည်

ရန်ကုန် မေ ၃၀

နိုင်ငံပိုင် ဆန်စက်ခြောက်စက်နှင့် ဖွဲနုဆီစက်နှစ်စက်တို့ကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ကြမ်းခင်းဈေးနှင့် ရောင်းချသွားမည်ဖြစ်သည်။

ရောင်းချသွားမည်

နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် ဆန်စက်နှင့်ဖွဲနုဆီစက်များမှာ ကယားပြည်နယ် လွိုင်ကော်မြို့ ဒေါ်ဥရု ရပ်ကွက် သီရိဒေါလမ်းရှိ ဆန်စက်အမှတ်(၀၁)ကို ကြမ်းခင်းဈေးငွေကျပ် ၆၀ဒသမ၆၉၂သန်းဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းမြောင်းမြမြို့ ထောင်ကုန်းရပ်ကွက်ရှိ ဆန်စက်အမှတ်(၃၁၉) (အဆောက်အအုံ၊စက်နှင့်စက်ကိရိယာပစ္စည်းသာ) ကြမ်းခင်းဈေးငွေကျပ် ၆ဒသမ၅၅သန်းဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်း လပွတ္တာမြို့ အမတ်ကျေးရွာရှိ ဆန်စက်အမှတ်(၆၇၂)ကို ကြမ်းခင်း ဈေးငွေကျပ် ၃၃၉ဒသမ၉၇သန်းဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်း ငပုတောမြို့ ကတ္တရာဝကျေးရွာရှိ ဆန်စက်အမှတ်(၆၇၅)ကို ကြမ်းခင်းဈေး ငွေကျပ်၂၇၆ဒသမ၄၅ သန်းဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်း ဟသ်ာတမြို့ ကနောင်စုရပ်ကွက်ရှိ ဆန်စက်အမှတ်(၉၂၃) (စက်နှင့်စက်ကိရိယာပစ္စည်းသာ) ကြမ်းခင်းဈေးငွေကျပ် ၄ဒသမ၇၂သန်းဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် ရှမ်းရွာရှိ ဆန်စက်အမှတ်(၆၆၆)ကို ကြမ်းခင်းဈေးငွေကျပ် ၅၁၈ဒသမ၆၀သန်းဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်း ဘိုကလေးမြို့ အမှတ်(၈)ရပ်ကွက်ရှိ ဖွဲနုဆီစက်အမှတ်(၁၄)ကို ကြမ်းခင်းဈေးငွေကျပ် ၁၃၁ဒသမ၇၃သန်းဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်း ဖျာပုံမြို့ မြို့မ(၁၄) ရပ်ကွက်ရှိ ဖွဲနုဆီစက် အမှတ်(၁၂)ကို ကြမ်းခင်းဈေး ငွေကျပ်၃၀၃ဒသမ၁၅သန်းဖြင့်လည်းကောင်း အသီးသီး ရောင်းချသွားမည်ဖြစ်သည်။

တင်သွင်းရမည်

ဝယ်ယူလိုသူ ပုဂ္ဂိုလ်/အဖွဲ့အစည်းများသည် အဆိုပြုလွှာများကို မေ ၂၉ ရက်မှစ၍ ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန အမှတ် ၃၁၃ ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့)၌ ဝယ်ယူနိုင်သည်။ ယင်းအဆိုပြုလွှာများကို ဇွန် ၂၉ရက် နံနက် ၁၀နာရီမှ ညနေ၄နာရီ အတွင်း (တစ်ရက်တည်း)သာတင်သွင်းရမည် ဖြစ်သည်။

ဦးစားပေးမည်

အပြီးအပြတ်ဝယ်ယူ ရန် အဆိုပြုထားသူများအနက် မူလပိုင်ရှင်သည် တိုင်းရင်းသားဖြစ်ပြီး အများဆုံး ဈေးနှုန်းပေးသူနှင့် တူညီစွာပေးနိုင်ပါက ဦးစားပေး စဉ်းစားမည်။ မူလပိုင်ရှင်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားတင်ပြရမည်။ မူလပိုင်ရှင်မဟုတ်ပါက အများဆုံးပေးဝယ်မည့် တိုင်းရင်းသားများကို ဦးစားပေးမည်ဖြစ်သည်။

စုံစမ်းနိုင်

လျှောက်ထားသူများသည် သတ်မှတ်ထားသော ပုံစံတွင် ဖြည့်စွက်လျှောက်ထားရန်ဖြစ်သည်။အသေးစိတ်အချက်အလက်များကို သိလိုပါက ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန အမှတ် ၃၁၃ ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့) ဖုန်း–၂၄၅၅၁၆ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၃၁–၅–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၄:၁၅ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀ ၅။ လက်စွမ်းပြဟန်ဂီတသံ
၄:၄၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၁၅ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၂၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသ သတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း–၄၆)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ English Usage
၂၁။ ဗွီစီဒီကျော်ကြားတေးများ
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်မတင်ကလေး"** (အပိုင်း–၈)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်း အနော်ရထာအိမ်ရာ အမှတ် ၁၁ (အေ ၁)နေ ဦးမြင့်လွင်၊ ဒေါ်ဝင်းဝင်းကြည် မိသားစုတို့က ဘိုးဘွားဆေးရုံရှိ ဘိုးဘွားများအသုံးပြုရန် ဆေးရုံသုံးခုတင်သုံးလုံးနှင့် "Bedside Table"အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁–၅–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့ အစီအစဉ်
၇:၀၅ ပေါက်တံတား(ရေပြာ)နှင့် ပေါက်တံတား(အုန်းတော)
၇:၁၀ တေးဂီတအစီအစဉ်
၇:၁၅ မနိုင်သောအရှုံး **(ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည်)** (ဒါရိုက်တာ–အေဝမ်းမောင်လှမျိုး)
၇:၃၀ နိုင်ငံတကာသတင်းအကျဉ်း
၇:၃၅ တေးဂီတအစီအစဉ်
၇:၄၀ နိုင်ငံတကာ အနုပညာရေးရာ
၈:၀၅ တေးဂီတအစီအစဉ်
၈:၁၀ မှော်ဘီ(၃) စပါးမျိုးသစ်အပေါ်တွင် ကောက်ကွက်ပိုးသက်စမ်းသပ်မှု
၈:၁၅ ပြည်တွင်းသတင်းအကျဉ်း
၈:၂၅ Myanmar Video Rhythm
၉:၁၅ မိုးလေဝသခန့်မှန်းချက်
၉:၂၀ မြန်မာနိုင်ငံသစ်တောကျောင်း
၉:၂၅ တေးဂီတအစီအစဉ်
၉:၃၀ IT Talk(ဦးမျိုးမြတ်သူ၊ ဦးရဲမြတ်သူ)
၁၀:၁၀ ဂီတသံစဉ် အလှဆင်
၁၀:၂၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၃၀ တေးဂီတအစီအစဉ်
၁၀:၃၅ ရော်ဘာကြိတ်လုံးထုတ်လုပ်ပုံ အဆင့်ဆင့်
၁၀:၄၅ တေးဂီတအစီအစဉ်
၁၀:၅၀ နှလုံးသွေးကြောကျဉ်းရောဂါ အကြောင်း ဟောပြောချက် **(အပိုင်း–၁)**
၁၁:၁၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၀ တေးဂီတအစီအစဉ်
၁၁:၂၅ အရောင်များထဲမှ အမျိုးသမီးများ
၁၁:၄၀ တေးဂီတအစီအစဉ်
၁၁:၄၅ အခြေခံ ဘော်လီဘောကစားနည်း နည်းစနစ်များ **(အပိုင်း–၁)**
၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မော်ကျွန်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် မေ ၃၀

မော်လမြိုင်ကျွန်းမြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပါရဂူဘွဲ့၊ တက္ကသိုလ်ဝင်တန်းအောင် ပညာရည်ချွန်ဆုပေးပွဲများနှင့် အသင်းနှစ်ပတ်လည် အစည်းအဝေးကို ဇွန် ၁၁ ရက် နံနက် ၈ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) ၂၆ ရပ်ကွက်၊ ပုလဲရတနာလမ်း၊ နိကာယ်ငါးရပ်ပိဋကသုံးပုံစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများအတွက် ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း (အလယ်)မြန်မာမျက်မှန်ဆိုင်ရှေ့မှလည်းကောင်း၊ မြောက်ဥက္ကလာပ သုဓမ္မာနှင့်ခေမာသီလမ်းဆုံ(မြို့နယ်လျှပ်စစ်ရုံးရှေ့)နှင့် တောင်ဥက္ကလာပ သံသုမာနှင့် ပါရမီလမ်းဆုံ (ဘောလီတံတားထိပ်)မှ မော်တော်ယာဉ်တစ်စီးဖြင့်လည်းကောင်း ဒဂုံမြို့သစ်(တောင်ပိုင်း)သို့ အသွားအပြန် ပို့ဆောင်ပေးမည်ဖြစ်သည်။

၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် အသင်းဝင်၏သားသမီးများ အောင်လက်မှတ် သို့မဟုတ် အမှတ်စာရင်းမိတ္တူများနှင့် လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးသိန်းလှိုင် ဖုန်း–၂၂၀၆၁၉၊ ဒုတိယဥက္ကဋ္ဌ ဦးသောင်းညွန့် ဖုန်း–၂၄၁၁၅၇နှင့် အတွင်းရေးမှူး ဦးစိုးပိုင် ဖုန်း–၃၇၅၆၈၀တို့သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

■ **ကျောဖုံးမှ**

စိန်ဝတ်မှုန်ကုမ္ပဏီ၊ လူငယ်အားမာန်ရော်ဘာခြံလုပ်ငန်း (ဝိန်းထန်ဒေသ) သို့ရောက်ရှိလာရာ တာဝန်ခံ ဦးမောင်မြင့်က ရော်ဘာခြံစိုက်ပျိုးထားရှိမှုများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က ရော်ဘာကိုတိုးချဲ့စိုက်ပျိုးရန်နှင့် တစ်ဖက်တစ်လမ်းမှ မွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန် အားပေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် လားရှိုးမြို့ မိုင်းယော်ကားလမ်းဘေးရှိ မွေးမြူရေး အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း လားရှိုးအဆင့်မြင့် ဝက်မွေးမြူရေးခြံသို့ရောက်ရှိလာရာ ရှေးဦးစွာ ခြံမန်နေဂျာ ဒေါက်တာဆွေလွင်၏ ရှင်းလင်းတင်ပြချက်များကို တိုင်းမှူးနှင့် ဝန်ကြီးတို့က လစဉ်ကောင်ရေ ၅၀၀ သားပေါက်/အစားထိုးရောင်းချပေးနေခြင်းကို ဆက်လက်ဆောင်ရွက်ရန်၊ ရောဂါကင်းရှင်းရေးနှင့် Biosecurity ကို သတ်မှတ်သည့် စည်းကမ်းများအတိုင်း လိုက်နာကြရန် မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝက်သားခွဲရုံ၊ ဝက်သားဖွားရုံနှင့် မျိုးဝက်မရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် အောင်ရဲရွာရှိ စိန်တစ်လုံးသရက်ပျိုးပင်များ၊ ငှက်ပျောနှင့် ဒူးရင်းပင်များ စိုက်ပျိုးထားရှိမှုများကို သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စီမံကိန်းများအောင်မြင်ရေး နည်းမျိုးစုံဖြင့် ပြည်သူကိုအသိပေး နိုင်ငံတော်အား ကျွန်ပြုနိုင်အောင် အဖျက်သမားများလုပ်ဆောင်နေ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ကျစ်လျစ်ခိုင်မာအောင် မီဒီယာဖြင့်အရှိန်မြှင့်

ရန်ကုန် မေ ၃၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် မေ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် မွန်ပြည်နယ်သို့ သွားရောက်၍ ပြန်ကြားရေးလုပ်ငန်းများကိုဆောင်ရွက်ပြီး ပြန်ကြားရေးဝန်ထမ်းများနှင့်တွေ့ဆုံကာ အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း မွန်ပြည် နယ်အတွင်းရှိ ပြန်ကြားရေးဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မေ ၂၈ ရက်တွင် ရန်ကုန်မြို့မှ ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမအလင်းပြ စာကြည့်တိုက်သို့ ရောက်ရှိ၍ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်ထားရှိမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်ချက်များကို မှာကြားသည်။

ရောက်ရှိ

ထို့နောက် ဝန်ကြီးသည် ညနေ ၆ နာရီတွင် မော်လမြိုင်မြို့ရှိ မြန်မာ့ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိ၍ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်များသို့ ရုပ်မြင်သံကြားထုတ်လွှင့်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အစီအစဉ်များ အပြည့်အဝထုတ်လွှင့်ပေးရေး၊ လုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေး၊ စက်ရုံအတွင်း ဓာတ်အားလိုင်းများ ပြုပြင်ရေး၊ စက်များကြံ့ခိုင်ရေးနှင့် အပျက်အစီးနည်းပါးရေး၊ ဝန်ထမ်းများ သီးပင်စားပင်များ စိုက်ပျိုးရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဖြည့်စွက်မှာကြား

ဆက်လက်၍ ဝန်ကြီးသည် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ သွားရောက်၍ ပြန်ကြားရေးလုပ်ငန်းဆိုင်ရာများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ ပြန်ကြားရေးဝန်ထမ်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ရာ ရှေးဦးစွာ မွန်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့မှ ဦးစီးအရာရှိများ၊ မော်လမြိုင်၊ ချောင်းဆုံ၊ ကျိုက်မရော၊ မုဒုံ၊ သံဖြူဇရပ်၊ ရေး၊ လမိုင်း၊ သထုံ၊ ကျိုက်ထို၊ ဘီးလင်းနှင့် ပေါင်မြို့နယ်တို့မှ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မော်လမြိုင် ထပ်ဆင့်လွှင့်စက်ရုံမှူးနှင့် ဝန်ထမ်းများ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ရုပ်ရှင်လုပ်ငန်းစုဌာနခွဲမှူးနှင့် ဝန်ထမ်းများ၊ မော်ကွန်းရုပ်ရှင်ဌာနစုမှူးနှင့် ဝန်ထမ်းများနှင့် တာဝန်ရှိသူများက မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရည်မှန်းချက်ထား

ယင်းနောက် ဝန်ကြီးက အမှာစကားပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့် ၂၀၀၆–၂၀၀၇ခု ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်၏ကာလတို တတိယငါးနှစ်စီမံကိန်း၏ လမ်းညွှန်ချက်များဖြစ်သော ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားအောင် ဆောင်ရွက်ရေး၊ စက်မှုကဏ္ဍတိုးတက် မြင့်မားအောင်ဆောင်ရွက်ရေး၊ လျှပ်စစ်စွမ်းအား တိုးတက်ထုတ်လုပ်ရေး၊ စွမ်းအင်ကဏ္ဍတိုးတက်ထုတ်လုပ်ရေး၊ ကုန်သွယ်မှုတိုးတက်မြင့်မားရေးနှင့် ခြိုးခြံချွေတာရေး စသည့်မူများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊အထူးသဖြင့် ၂၀၀၆–၂၀၀၇ခု ဘဏ္ဍာရေးနှစ်တွင် မိမိတို့အတွက် မူလလျာထားသောဝင်ငွေထက် နှစ်ဆရရှိအောင် ရည်မှန်းချက်ထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

လျာထားသတ်မှတ်

ငွေလုံးငွေရင်းဖြင့် သုံးစွဲဆောင်ရွက်ရမည့်လုပ်ငန်းများကို ပြန်လည်စိစစ်၍ အမှန်တကယ်လိုအပ်မှသာ ဆောင်ရွက်ရေး၊ သုံးစွဲငွေကို လျာထားသတ်မှတ်ချက်ထက် ၁၅ရာခိုင်နှုန်း ခြိုးခြံချွေတာသုံးစွဲကြရန်ဖြစ်ကြောင်း။

မိမိတို့ဝန်ကြီးဌာနသည် ပြည်သူလူထုအား ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်၊ ပညာပေးရန် ဆောင်ရွက်နေသည့် ဌာနဖြစ်သဖြင့် နိုင်ငံတော်အစိုးရ၏ စီမံကိန်းများကို သိရှိထားပြီး စီမံကိန်းများအောင်မြင်ရေးအတွက် မီဒီယာနည်းမျိုးစုံဖြင့် ပြည်သူလူထုအား အသိပေးဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

တစ်ပိုင်တစ်နိုင်စိုက်ပျိုး

ထို့အပြင် ပြည်တွင်းပြည်ပ အဖျက်သမားများက နိုင်ငံတော်အား သုံးဖက်သုံးတန် ညှပ်တိုက်၍ ခေတ်သစ်ကျွန်ပြုနည်းဖြင့် ကျွန်ပြုနိုင်အောင် လုပ်ဆောင်နေမှုများကို ပြည်သူလူထု သိရှိအောင်ချပြပြီး ပြည်သူ့သဘောထား(၄)ရပ်နှင့်အညီ ပြည်သူလူထုနှင့်အတူ ပူးပေါင်း ချေမှုန်းနိုင်အောင် ဆောင်ရွက်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပိုမိုကျစ်လျစ်ခိုင်မာအောင် မီဒီယာလုပ်ငန်းဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး၊ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးနှင့် အမျိုးသားညီလာခံကြီးအောင်မြင်ရေးတို့အတွက်လည်း ပြည်သူလူထုနှင့် အတူလက်တွဲပူးပေါင်းဆောင်ရွက်ရေး၊ ဝန်ထမ်းများအနေဖြင့် မိသားစုအလိုက် အသုံးစရိတ်ကို ခြိုးခြံချွေတာပြီး အိမ်နောက်ဖေး ဈေးဆိုင်တည်ဆိုသည့် စကားအတိုင်းတစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရေးတို့ကို မှာကြားသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မေ ၂၉ ရက် ညနေပိုင်းတွင် ကျိုက်ထိုမြို့နယ် ကျောက္ကလပ်ကျေးရွာရှိ မိဘဂုဏ်ရည်စာကြည့်တိုက်သို့ သွားရောက် ကြည့်ရှုစစ်ဆေး၍ စာကြည့်တိုက်ကို ယခုထက်ပိုမို တိုးတက်အောင်ဆောင်ရွက်ရေး၊ စာအုပ်စာစောင်များ တိုးပွားအောင်ဆောင်ရွက်ရေးနှင့် ပရိဘောဂများ ဖြည့်တင်းရေးတို့ကိုမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ပေါင်မြို့နယ် မုတ္တမအလင်းပြ စာကြည့်တိုက်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျဗားကျွန်းတွင် လွန်ခဲ့သောရက်အနည်းငယ်အတွင်းက ငလျင်လှုပ်ခတ်မှုကြောင့် အသက်အိုးအိမ်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် စာနာထောက်ထားကြောင်း သဝဏ်လွှာကို အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာအင်န်၊ ဟာဆန် ဝီရာယုဒထံသို့ ပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

နေပြည်တော် မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (မေ ၃၁ ရက်)၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြား

၃၁–၅–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	အတီးပြိုင်ပွဲ
၈း၀၀	၆။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၁၀	၇။	အဆိုပြိုင်ပွဲ
၈း၂၀	၈။	ယူးချောင်းတံတား
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let's Go
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၁၆း၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၀၅	၆။	မြန်မာစာ မြန်မာစကား
၁၇း၂၀	၇။	သီချင်းကြီးပဒေသာ
၁၇း၃၀	၈။	**"အဲဒီမှာ စတွေ့တာပဲ"** မင်းအုပ်စိုး၊ ငှက်ပျောကြော်၊ မြတ်ကေသီအောင်၊ နှင်းဝတ်ရည်သောင်း (ဒါရိုက်တာ–မင်းအုပ်စိုး)
၁၇း၃၅	၉။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇း၄၅	၁၀။	ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ တေးများ
၁၈း၀၀	၁၁။	ညနေခင်းသတင်း
၁၈း၃၀	၁၂။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၃။	သုတစုံလင်ရွှေဉာဏ်ရှင်
၁၉း၀၅	၁၄။	**"ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ"** လွှင်မိုး၊ မင်းမော်ကွန်း၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ လှအဥ္စလီတင့်၊ ကြည်လဲ့လဲ့ဦး၊ ဂွမ်းပုံ
၁၉း၁၅	၁၅။	တေးဂီတအစီအစဉ်
၁၉း၃၀	၁၆။	ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၉း၄၅	၁၇။	ဝင့်ထည်တိုးပွား ဆားလင်းကြီးရဲ့စွမ်းအား
၂၀း၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
	၂၂။	၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ရုပ်သေး) **"မင်းကုသဇာတ်တော်ကြီး"** (စစ်ကိုင်းတိုင်း)
	၂၃။	နောက်တစ်နေ့အစီအစဉ်
	၂၄။	အစီအစဉ်ပြီး၏။

နျူကလီးယား အစီအစဉ်ဆိုင်ရာ အငြင်းပွားမှု အီရန်က အလျှော့မပေးဟု အယာတိုလာခါမေနီပြောဆို

တီဟီရန် မေ ၃၀

အီရန်၏ နျူကလီးယား အစီအစဉ်နှင့်ပတ်သက်၍ လောလောဆယ် အငြင်းပွားမှုတွင် အီရန်က အလျှော့ပေးမည်မဟုတ်ကြောင်း အီရန် ဘာသာရေး ခေါင်းဆောင် အယာတိုလာအလီခါမေနီက တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်ကို အီရန်အစိုးရ ရုပ်မြင်သံကြားဌာနက ကြေညာသည်။

အာမခံနိုင်

တိုင်းပြည်၏ ရေရှည်စွမ်းအင်အနာဂတ်ကို အီရန်လူငယ်အင်ဂျင်နီယာများက သူတို့၏ စွမ်းဆောင်အောင်မြင်မှုများဖြင့် အာမခံနိုင်ကြပြီဖြစ်ကြောင်း အယာတိုလာအလီခါမေနီက ပြောကြားလိုက်သည်ဟု သိရသည်။

သတိပေး

ထို့ကြောင့် ဤကိစ္စတွင် မည်သည့်နည်းနှင့်မျှ အလျှော့ပေး အဆုံးရှုံးခံမည်မဟုတ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ဤနေရာ၌ တစ်စုံတစ်ရာအလျှော့ပေးလိုက်လျှင် ၁၀၀ရာခိုင်နှုန်း လက်လွတ်ဆုံးရှုံးသွားနိုင်ကြောင်း အယာတိုလာအလီခါမေနီက သတိပေးလိုက်သည်။

တွေ့ဆုံဆွေးနွေး

အီရန်၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ညှော်သည်တော် ရုရှားအမျိုးသားလုံခြုံရေးကောင်စီ အကြီးအကဲ အိုင်ဗာနော့နှင့် အီရန်ထိပ်တန်းအရာရှိများ တွေ့ဆုံဆွေးနွေးစဉ် အယာတိုလာအလီခါမေနီက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ယုံကြည်

ရုရှားနိုင်ငံသည် အမေရိကန်နှင့်မတူဘဲ အီရန်၏ နျူကလီးယားအရေးကို တွေ့ဆုံဆွေးနွေးဖြေရှင်းရန်လိုအပ်သည်ဟု ယုံကြည်သည်။ အင်အားတစ်စုံတစ်ရာ အသုံးပြုခြင်းဖြင့် အခြေအနေပိုမိုရှုပ်ထွေးသွားစေပြီး ဒေသတွင်းတင်းမာမှုပေါ်ပေါက်လာလိမ့်မည်ဟုလည်း ထင်မြင်ယူဆသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဂျပန်နှင့်စင်ကာပူ ဆေးဘက်ဆိုင်ရာအဖွဲ့များ ငလျင်ဒဏ်ခံရသော အင်ဒိုနီးရှားသို့စေလွှတ်

တိုကျို မေ ၃၀

အင်ဒိုနီးရှား ငလျင်ဘေးဒဏ်ခံရသူများ အတွက် ဂျပန်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၁၀သန်းနှင့် အရေးပေါ် ပစ္စည်းကိရိယာများ အထောက်အပံ့ပေးခဲ့ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက မေ၂၉ရက်၌ ပြုလုပ်သည့် သတင်းစာရှင်းပွဲတွင် ပြောကြားသည်။

ပို့ပေး

တနင်္လာနေ့က အဖွဲ့ဝင် ၂၅ဦးပါဝင်သော ဆေးဘက်ဆိုင်ရာအဖွဲ့နှင့် အရေးပေါ်ပစ္စည်းများကို ဂျာဗားကျွန်းသို့ ပို့ပေးခဲ့သည်။ ထို့အပြင် ပြီးခဲ့သော သဘာဝဘေးအန္တရာယ် ကျရောက်စဉ် ပျက်စီးမှုများအတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွင် အသုံးပြုရန် အထောက်အပံ့များကိုလည်း ပေးသွားမည်ဖြစ်ကြောင်း ယင်းဝန်ကြီးဌာနက ပြောကြားသည်။

စေလွှတ်

စင်ကာပူနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံမှ ငလျင်ဒဏ်ခံရသူများအတွက် အထောက်အကူပေးရေးအဖွဲ့နှစ်ဖွဲ့ကို မေ ၂၈ရက်က စေလွှတ်ခဲ့သည်။

ယင်းအဖွဲ့နှစ်ဖွဲ့သည် အဖွဲ့ဝင် ၃၅ဦးပါဝင်သော စစ်ဘက်ဆိုင်ရာဆေးအဖွဲ့နှင့် စင်ကာပူ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(အက်စ်စီဒီအက်ဖ်)မှ အဖွဲ့ဝင် ၄၃ဦးပါဝင်သော သဘာဝဘေးအန္တရာယ် အထောက်အကူပေးရေးနှင့် ကယ်ဆယ်ရေးအဖွဲ့တို့ဖြစ်သည်။ ယင်းအဖွဲ့များသည် တပ်မတော်လေယာဉ်သုံးစင်းဖြင့် တနင်္ဂနွေနေ့နံနက်ပိုင်းက ထွက်ခွာသွားခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ

အီရတ်စစ်ပွဲစတင်ချိန်မှ ယခုအထိ ဗြိတိသျှတပ်ပြေး ၁၀၀၀ကျော်ရှိ

လန်ဒန် မေ ၃၀

၂၀၀၃ခုနှစ် အီရတ်စစ်ပွဲစတင်ကတည်းက ဗြိတိန်၏တပ်တွင် တပ်ပြေး ၁၀၀၀ကျော်အထိရှိကြောင်း ဘီဘီစီက တွေ့ရသည်ဟုဆို၏။

ဥပဒေတစ်ရပ်

နိုင်ငံခြား တိုင်းပြည်တစ်ခုကို သိမ်းပိုက်ရာ၌ ပါဝင်ဆောင်ရွက်ခြင်းမပြုဟူ၍ ဗြိတိန်တပ်ဖွဲ့ကို ငြင်းခွင့်မပေးသည့် ဥပဒေတစ်ရပ်ကို ပါလီမန်က ဆွေးနွေးစဉ် ဘီဘီစီ၏တွေ့ရှိချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

၂၀၀၅ခုနှစ် တစ်နှစ်တည်းအတွင်း၌ပင် ဗြိတိသျှတပ်ပြေး ၃၇၇ဦး ယခုတိုင်ပျောက်နေသေးသည်။ ၂၀၀၆ခုနှစ်တွင်လည်း တပ်ပြေး ၁၈၉ဦးရှိပြီ ဟုဆိုသည်။

သို့ဝှက်ထား

အီရတ်စစ်ပွဲ စတင်ကတည်းက အဖမ်းမခံဘဲ ရှောင်တိမ်းနေသည့် တပ်ပြေး ၉၀၀ခန့်ရှိကြောင်း တရားဝင်စာရင်းဇယားများတွင် ဖော်ပြထားသည်။ ဗြိတိန်တပ်မှထွက်ပြေးသူ တပ်ပြေးအမျိုးသား အမျိုးသမီးအရေအတွက်ကို ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက သို့ဝှက်ထားသည်ဟုဆို၏။

(အင်တာနက်)

အီရတ်တွင် တာဝန်ထမ်းဆောင်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှား၌ ငလျင်ကြောင့်သေဆုံးသူ ၅၄၀၀ ရှိပြီ

ဂျကာတာ မေ ၃၀

အင်ဒိုနီးရှားနိုင်ငံ ဂျော့ဂျ်ဂျာကာတာ ပြည်နယ်တွင် စနေနေ့က လှုပ်ခဲ့သော ငလျင်ကြောင့် သေဆုံးသူဦးရေသည် ၅၄၀၀အထိ ရှိခဲ့ပြီး ဒဏ်ရာရရှိသူ ၁၀၀၀၀ ကျော်ပြီဖြစ်ကြောင်း မေ ၂၈ရက်က ထုတ်ပြန်သည့် အစိုးရအစီရင်ခံစာတွင် ဖော်ပြထားသည်။

ဖော်ပြ

အဓိက အသေအပျောက်အများဆုံးမြို့သည် တောင်ပိုင်း ဘန်တူမြို့ဖြစ်ခဲ့ပြီး လူ ၂၇၀၈ ဦးကျော် သေဆုံးခဲ့ကြောင်း လူမှုရေးရာဝန်ကြီးဌာန အစီရင်ခံစာတွင် ဖော်ပြထားသည်။

အလယ်ပိုင်း ဂျကာတာပြည်နယ်ရှိ ကာလာတန်ရီဂျင်စီဒေသတွင် ယင်းငလျင်ကြောင့် လူ ၁၂၀၀ ကျော် သေဆုံးခဲ့သည်။

နောက်ထပ် ငလျင်ထပ်မံ လှုပ်ခတ်နိုင်ခြင်းမရှိကြောင်း ဒေသဆိုင်ရာ ဘူမိရူပဗေဒအေဂျင်စီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အင်ဒိုနီးရှားနိုင်ငံ၌ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်သံအမတ်ကြီး၏ပြောကြားချက် အီဂျစ်အမတ် ပြင်းထန်စွာဝေဖန်

ကိုင်ရို မေ ၃၀

အီဂျစ်-အမေရိကန် ဆက်ဆံရေးနှင့်စပ်လျဉ်း၍ အီဂျစ်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ရစ်စီယာဒုန်း၏ ပြောကြားချက်များကို အီဂျစ်အမတ် ကမဲအာမက်က စနေနေ့တွင်ဝေဖန်လိုက်ကြောင်း မီနာသတင်းဌာနကကြေညာသည်။

အီဂျစ်နိုင်ငံအား အမေရိကန်အစိုးရက ရန်ပုံငွေများပေးထားသည့်အတွက် အီဂျစ်အစိုးရသည် အမေရိကန်အကျိုးစီးပွားများ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ပေးသင့်ကြောင်း သံအမတ်ကြီးရစ်စီယာဒုန်းက ပြောကြားသည့်ပြင် အီဂျစ်အတိုက်အခံများအား အခွင့်အရေးသမားဟူ၍ ခေါ်ဝေါ်သုံးစွဲလိုက်သည်ကို အီဂျစ်အမတ်က ထောက်ပြလိုက်သည်။

သဘောပေါက်သင့်

အမေရိကန် သံအမတ်ကြီးသည် အီဂျစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားရမည်ဖြစ်ကြောင်း ထို့ပြင် အီဂျစ်ပြည်သူများက ထိုသို့သော စော်ကားမော်ကားလုပ်မှုကို လက်မခံသည်ကိုလည်း သဘောပေါက်သင့်ကြောင်း အမတ်ကမဲအာမက်က ပြောကြားသည်။ အမေရိကန် သံအမတ်ကြီး၏ ပြောကြားချက်များနှင့် ပတ်သက်၍ အမတ်များ၏ မေးခွန်းများကို အီဂျစ်အစိုးရက ဖြေကြားပါရန် အီဂျစ်လွှတ်တော်ဥက္ကဋ္ဌ အာမက်ဆိုရာက တောင်းဆိုလိုက်သည်။

အမ်အင်အေ၊ ဆင်ဟွာ

ဘဂ္ဂဒက်မြို့လယ်၌ ဗုံးနှစ်လုံးပေါက်ကွဲ အီရတ်သုံးဦးသေဆုံး၊ ၂၂ဦး ဒဏ်ရာရ

ဘဂ္ဂဒက် မေ ၃၀

ဘဂ္ဂဒက်မြို့တော် အလယ်ပိုင်းတွင် တနင်္ဂနွေနေ့ နံနက်ပိုင်းက ဗုံးနှစ်လုံးရှေ့ဆင့်နောက်ဆင့် ပေါက်ကွဲသဖြင့် စစ်သားတစ်ဦး အပါအဝင် အီရတ်သုံးဦး သေဆုံးပြီး၊ ၂၂ဦး ဒဏ်ရာရရှိသွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောဆိုသည်။

ကာရာဒါဒေသရှိ တာဟာရီယတ်ပန်းခြံအတွင်း အီရတ်တပ်ဖွဲ့က ကင်းလှည့်စဉ် တနင်္ဂနွေနေ့ နံနက် ၈နာရီ၌ လမ်းဘေးဗုံး ပေါက်ကွဲသဖြင့် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း သိရသည်။

ပေါက်ကွဲ

အဆိုပါ ဗုံးပေါက်ကွဲပြီးနောက် ထိုနေရာသို့ သတင်းထောက်များ အပါအဝင် လူအများ ရောက်ရှိလာစဉ် နောက်ထပ် ဗုံးတစ်လုံး ထပ်မံ ပေါက်ကွဲသည့်အတွက် အရပ်သားနှစ်ဦးသေဆုံးသွားသည်။ တပ်ဖွဲ့ဝင် သုံးလေးဦး၊ ဓာတ်ပုံဆရာ တစ်ဦး၊ ဓာတ်ပုံသတင်းထောက်တစ်ဦးအပါအဝင် စုစုပေါင်း ၂၁ဦး ဒဏ်ရာရသွားသည်။

ဗုံး ပေါက်ကွဲမှုကြောင့် စစ်ကားတစ်စီး၊ အဆောက်အအုံ သုံးလေးလုံးနှင့် အနီးအနားရှိ ဈေးဆိုင်များ ပျက်စီးသွားသည်။

အမ်အင်အေ၊ဆင်ဟွာ

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပသည့် မီးပုံးပွဲတော်၌ ရှည်လျားသော နဂါးရုပ်မီးပုံး ပြုလုပ်ပြသထားသည်ကို မေ ၂၉ရက်က တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

ကိန်းစ်ရုပ်ရှင်ပွဲတော်၏ အကောင်းဆုံးဆုရှင်များ

တင်ပြသူ – မြင့်မောင်စိုး

ဗြိတိသျှ ဒါရိုက်တာ ကင်န်လို့ချ်သည် အိုင်ယာလန်ပြည်တွင်းစစ်အကြောင်း ရိုက်ကူးထားသည့် The Wind That Shakes The Barley ဇာတ်ကားဖြင့် ကိန်းစ်ရုပ်ရှင်ပွဲတော်၏ အမြင့်ဆုံးရုပ်ရှင်ဇာတ်ကားဆုဖြစ်သော Palmed' Or ဆုကို ဆွတ်ခူးခဲ့ကြောင်း၊ ယင်းသည် နိုင်ငံရေး ရုပ်ရှင်ဇာတ်ကားအတွက် အောင်ပွဲဆုပင်ဖြစ်ကြောင်း ရိုက်တာက ဖော်ပြသည်။

အဆိုပါဆုသည် အော်စကာဆုပြီးလျှင် ရုပ်ရှင်တွင် အမြင့်ဆုံးဆုဖြစ်ကြောင်း၊ ယင်းရုပ်ရှင်ကားမှာ ဗြိတိသျှအကောင်းဆုံးရုပ်ရှင်ကားများထဲမှ တစ်ခုကို ဆန်ခါတင်ရွေးချယ်ပြီး ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အိုင်ယာလန်၏ အတိတ်ကာလနှင့် ပစ္စုပ္ပန်ကာလတို့ကို ဖော်ညွှန်းပြသည့်ကားဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ ကင်န်လို့ချ်၏ အကောင်းဆုံးဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။ (ဓာတ်ပုံ–အင်တာနက်)

ပါဝင်သရုပ်ဆောင်

စီလီယမ်မာဖီနှင့် ပါဒရက်စ်ဒီလန်နီတို့သည်ယင်းဇာတ်ကားတွင် ဗြိတိသျှတပ်များကို ခုခံတိုက်ခိုက်သည့် ပြောက်ကျားစစ်အတွင်း ညီအစ်ကိုနှစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။

အဆိုပါ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုကို ဒိုင်အဖွဲ့ဝင်ကိုးဦးက တညီတညွတ်တည်း ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ဆုရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ တရုတ်ဒါရိုက်တာ ဝေါင်ကာဝေက ပြောကြားသည်။

ဒုတိယအကောင်းဆုံးဇာတ်ကားဆုကို ပြင်သစ်ဒါရိုက်တာဘရူနိုဒူးမွန့်ရိုက်ကူးသည့် Flanders ဇာတ်ကားမှ ဆွတ်ခူးရရှိသွားသည်။ အဆိုပါဇာတ်ကားသည်လည်းစစ်ပွဲအကြောင်း ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

အမျိုးသမီး

အမျိုးသမီးအကောင်းဆုံးသရုပ်ဆောင်ဆုကို ပီနီလော့ပ်ခရုစ်ဇ်ပါဝင်သရုပ်ဆောင်ထားသည့် စပိန်ဒါရိုက်တာ ပီထရိုအယ်မိုဒိုဗာ ရိုက်ကူးသော Volver ဇာတ်ကားမှ ဆွတ်ခူးသွားသည်။

အကောင်းဆုံးဇာတ်ကားတွင် ပါဝင်ခဲ့သည့် သရုပ်ဆောင် စီလီယမ်မာဖီ၊ အော်လာဖစ်ဂျာရဲဒ်နှင့် ပါဒရက်စ်ဒီလန်နီတို့အား ဤသို့တွေ့ရသည်။ (ဓာတ်ပုံ–အင်တာနက်)

အကောင်းဆုံး သရုပ်ဆောင်မင်းသားဆုကို ဒုတိယ ကမ္ဘာစစ်အတွင်းက မြောက်အာဖရိကတပ်များအကြောင်း ရိုက်ကူးထားသည့် Indigenes ဇာတ်ကားမှရရှိသည်။

အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆုကို Volver ဇာတ်ကားမှ စပိန်ဒါရိုက်တာအယ်မိုဒိုဗာက ဆွတ်ခူးနိုင်ခဲ့သည်။

ဆွတ်ခူး

အကောင်းဆုံး ဒါရိုက်တာဆုကို မက္ကဆီကိုရုပ်ရှင်ကား Babel ဇာတ်ကားမှ ဒါရိုက်တာဂွန်ဇာလက်အီနာရီတူက ဆွတ်ခူးခဲ့သည်။

အကောင်းဆုံးရုပ်ရှင်

အကဲဖြတ် ဒိုင်လူကြီးအဖွဲ့၏ အကောင်းဆုံးရုပ်ရှင်ဆု(Jury Prize) ကို ဗြိတိသျှဒါရိုက်တာ အင်ဒရီကာအာနိုး၏ Red Road ဇာတ်ကားမှ ဆွတ်ခူးရရှိသည်။

ကိန်းစ်ရုပ်ရှင်ပွဲတော်၏အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆု Palmed' Or ကို ဆွတ်ခူးသည့် ဒါရိုက်တာ ကင်န်လို့ချ်၏ ကားမှာ အိုင်ယာလန် လွတ်လပ်ရေးကြိုးပမ်းမှုကို ဂုဏ်ပြုထားသည့်ကားဖြစ်သည်။ ယင်းသည် စစ်ပွဲအကြောင်းရိုက်ကူးတင်ဆက် ယှဉ်ပြိုင်ခဲ့သည့်ရုပ်ရှင်ကားငါးကားအနက်မှ တစ်ကားဖြစ်သည်။

ပြောကြား

အတိတ်က အမှန်တကယ်ဖြစ်ရပ်များသည် ပစ္စုပ္ပန်ကာလတွင် အမှန်တရားကိုပြောပြနိုင်မည်ဖြစ်ကြောင်း ဆုယူအပြီး ဒါရိုက်တာကင်န်လို့ချ်က ပြောကြားသည်။

အဆိုပါဒါရိုက်တာသည် ၁၉၉၀ ပြည့်နှစ်က Hidden Agenda ဇာတ်ကားဖြင့် ဒိုင်အဖွဲ့၏ အကောင်းဆုံး ရုပ်ရှင်ဆုကို ဆွတ်ခူးခဲ့သူလည်းဖြစ်သည်။

ကိန်းစ်ရုပ်ရှင် ပွဲတော်ကို ပြင်သစ်နိုင်ငံ တောင်ပိုင်း ကိန်းစ်၌ကျင်းပခဲ့ရာ (၅၉)ကြိမ်မြောက်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

ယှဉ်ပြိုင်ခဲ့

အဆိုပါရုပ်ရှင်ပွဲတော်တွင် ယခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းမှ အကောင်းဆုံး ရုပ်ရှင်ကား ၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ကိန်းစ်ရုပ်ရှင်ပွဲတော်၏ အကောင်းဆုံးဇာတ်ကားဆုရ ဒါရိုက်တာ ကင်န်လို့ချ်အား ဆုနှင့်အတူ။ (ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာတစ်လွှား ထူးထူး ခြားခြား

ခြေတစ်ဖက်တည်းနှင့် ဘောလုံးအကြာဆုံးတော့ကစားသူ

ခြေတစ်ဖက်တည်းနှင့် ဘောလုံးကို အချိန်အကြာဆုံး တော့ကစားနေသူတစ်ဦးကို တွေ့ရစဉ်။ (အောက်ပုံ)

ကင်ညာနိုင်ငံသား အသက် ၂၉ နှစ် အရွယ်ရှိ ပီတာယိုဂါသည် ထိုင်လျက် အနေအထားဖြင့် ခြေတစ်ဖက်တည်းကို အသုံးပြုကာ ဘောလုံးကို ၁၉ နာရီ မိနစ် ၃၀ အချိန်ကြာသည်အထိ မရပ်မနား တော့ကစားခဲ့သဖြင့် ကမ္ဘာပေါ်တွင် ခြေတစ်ဖက်တည်းနှင့် ဘောလုံးကို အချိန်အကြာဆုံး တော့ကစားနိုင်သူအဖြစ်ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ထမင်းစားပြိုင်ပွဲ

ထမင်းစားပြိုင်ပွဲ၌ ပထမဆုရရှိသွားသူတစ်ဦး ယှဉ်ပြိုင်နေစဉ်။ (အပေါ်ပုံ)

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် မေ ၂၈ရက်က ကျင်းပသည့် အာရှအစားအစာပြိုင်ပွဲ၌ မီယူကီအီဝါတာ အမည်ရှိ ဂျပန်အမျိုးသမီးတစ်ဦးက ထမင်းနှင့်ဟင်းရောထားသော ထမင်းပန်းကန် ၁၂ပန်းကန်ကို မိနစ် ၂၀အတွင်း ကုန်စင်အောင်စားပြနိုင်ခဲ့သဖြင့် ပထမဆုရရှိခဲ့သည်။ သူမ စားခဲ့သော ထမင်းနှင့်ဟင်းမှာ အလေးချိန် ၁၃ ဒသမ ၂ပေါင်ခန့် ရှိကြောင်း သိရသည်။ **(အင်တာနက်)**

● ရှေ့ဖုံးမှ

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို အဆိုပါအဆောက်အအုံရှေ့၌ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Nobutake Odano ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးစံသိန်းနှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာကျော်စိန်တို့က အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စေတနာ့ဝန်ထမ်း

ထို့နောက် အဆောက်အအုံလွှဲပြောင်း ပေးအပ်ပွဲအခမ်းအနားကို အဆောက်အအုံ ပထမထပ်၌ ကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးက အမှာစကားပြောကြားရာတွင် ယခုအဆောက်အအုံကို လွှဲပြောင်းလက်ခံရယူမည့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းသည် ၁၉၉၄ခုနှစ် ဇွန်၂၆ရက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တွင် စတင်ဖွဲ့စည်းခဲ့သည့် အစိုးရမဟုတ်သော စေတနာ့ဝန်ထမ်းအဖွဲ့အစည်း တစ်ခုဖြစ်ပါကြောင်း။

ပါဝင်ကူညီဆောင်ရွက်

လူသားမျိုးနွယ် တစ်ရပ်လုံးကို ခြိမ်းခြောက်နေသည့် မူးယစ်ဆေးဝါး အန္တရာယ်ကို ကမ္ဘာ့နိုင်ငံ အသီးသီးက အင်တိုက်အားတိုက် တိုက်ဖျက်နေရာတွင် အစိုးရမဟုတ်သည့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများကလည်း တတ်နိုင်သည့်ဘက်က ပါဝင်ကူညီဆောင်ရွက်လျက်ရှိပါကြောင်း။

ကူညီပံ့ပိုးမှုဖြင့်

အလားတူပင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၏ မူးယစ်ဆေးဝါးပပျောက်ရေး နည်းဗျူဟာ သုံးရပ်ထဲက မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးကဏ္ဍတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အနေနှင့် ပါဝင်ပူးပေါင်းဆောင်ရွက်လာသည်မှာ လာမည့် ၂၀၀၆ခုနှစ် ဇွန်၂၆ရက်တွင် ၁၂နှစ်တင်းတင်း ပြည့်တော့မှာဖြစ်ပါကြောင်း၊ အသင်းအနေနှင့်လည်း ၂၀၀၅ခုနှစ် ဒီဇင်ဘာလအထိ တိုင်းအဆင့် တစ်သင်း၊ ခရိုင်အဆင့် ခုနစ်သင်း၊ မြို့နယ်အဆင့် ၅၈သင်းကို မူးယစ်ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များ၏ ကူညီပံ့ပိုးမှုဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

အသိပညာပေးရေးလုပ်ငန်း

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းသည် မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအတွက် ကျောင်းသားလူငယ်ထုနှင့် ပြည်သူလူထုကို မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးလုပ်ငန်း ဆောင်ရွက်နေရာတွင် ပြည်တွင်းမှာသာမက နိုင်ငံတကာ အဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းဆောင်ရွက်နေသည့်အတွက် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင့်ရေး အသင်းက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် 14th IFNGO ASEAN NGOs Workshop ကျင်းပရေးတွင်လည်း မူးယစ်ဗဟို အဖွဲ့အနေနှင့် လိုအပ်သည့် လမ်းညွှန်မှုများအပြင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့သည့်အတွက် အောင်အောင်မြင်မြင်ကျင်းပနိုင်ခဲ့ပါကြောင်း။

ပူးပေါင်းပါဝင်

ထို့ကြောင့် ယခုကဲ့သို့ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ချက်များထဲတွင် ပါဝင်ကူညီဆောင်ရွက်နေသည့် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းကြီးဖြစ်သည့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းကြီး ဆတက်ထမ်းပိုး တိုးချဲ့ဖွဲ့စည်းနိုင်အောင် မူးယစ်ဆေးဝါး သုံးစွဲမှု လျော့ချရေးလုပ်ငန်းများတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နိုင်အောင် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးကြပါဟု တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Nobutake Odano က အဆောက်အအုံလှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို သံအမတ်ကြီးက ဥက္ကဋ္ဌ ဦးစံသိန်းသို့ လွှဲပြောင်းပေးအပ်သည်။

အထိမ်းအမှတ်အလံ

ယင်းနောက် အဆောက်အအုံလွှဲပြောင်းပေးအပ်သည့် အထိမ်းအမှတ် အလံကို ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် သံအမတ်ကြီးတို့ထံ ဥက္ကဋ္ဌ ဦးစံသိန်းက ပေးအပ်သည်။

ကျေးဇူးတင်

ထို့နောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်းဥက္ကဋ္ဌ ဦးစံသိန်းက ကျေးဇူးတင် စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များနှင့် သံအမတ်ကြီးတို့သည် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်း လှုပ်ရှားမှု မှတ်တမ်းတင်ဓာတ်ပုံများအား လှည့်လည် ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Nobutake Odano မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးစံသိန်းနှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာကျော်စိန်တို့ မူးယစ်ဆေးစွဲမှု နှစ်သိမ့်ဆွေးနွေးရေးနှင့် သင်တန်းအဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်း မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်အနီးရှိ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ မူးယစ်ဆေးစွဲမှု နှစ်သိမ့်ဆွေးနွေးရေးနှင့်သင်တန်းအဆောက်အအုံသစ်ကို တွေ့ရစဉ်။

(သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရဆရာတော်အား ပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၃၀

နိုင်ငံတော်အစိုးရ၏ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခြင်းခံရသော မန္တလေးမြို့ မဟာအောင်မြေမြို့နယ် စိန်ပန်းသံလျှက်မော် အရှေ့ရပ်ကွက် အဝေရာ ရာမရန်ကင်းကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ရွှေကျင်ဂိုဏ်း တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တဩဒါတသိရိဘိဝံသအား တပည့်သံဃာ၊ ဒါယကာဒါယိကာမများက စုပေါင်းပူဇော်ပွဲကို ဇွန်၁၀ရက် (စနေနေ့)တွင် အဝေရာရာမ ရန်ကင်းကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ပူဇော်ပွဲတွင် ပင့်သံဃာအပါး၂၅၀တို့အား လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ သက်တော်ရှည် ဆရာတော်ကြီး၁၅ပါးအား ပူဇော်ခြင်းအပြင် ဇွန် ၆၊၇၊၈နှင့် ၁၀ရက်ညများတွင် ဆရာတော်သံဃာတော်များက တရားတော်များ ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စတုတ္ထအကြိမ်စာပေညီလာခံဂုဏ်ပြု ငွေများလှူဒါန်း

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း အဖွဲ့၏ စတုတ္ထအကြိမ်စာပေညီလာခံကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းလျက်ရှိရာ စာရေးဆရာမကြီး ဒေါက်တာရီရီလှ (ယုဝတီ–ခင်ဦး)၊ (WYZကုမ္ပဏီလီမိတက်)တို့က ငွေကျပ်နှစ်သိန်း၊ ကန်တော့ခံ စာရေးဆရာမကြီး ဒေါ်သိန်းဆိုင်(မမြတ်လေး)က ငွေကျပ်တစ်သိန်း၊ ကန်တော့ခံစာရေးဆရာကြီးများဖြစ်ကြသည့် ဦးဟိန်စိုး (ဒဂုန်ကြည်စိုး)နှင့် ဦးအေးနိုင်(ဓမ္မစရိယ ဦးအေးနိုင်)တို့က ငွေကျပ်ငါးသောင်းစီ၊ တောင်ဥက္ကလာပမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် စာရေးဆရာသိပ္ပံမိုးအောင်တို့က ငွေကျပ်တစ်သောင်းစီနှင့် ကန်တော့ခံ စာရေးဆရာကြီး ဦးဆိုက်ကျင်က ငွေကျပ်ငါးထောင်တို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်(သန်းမောင်)နှင့် ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီဝင်များကလက်ခံကြပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြသည်။ **(သတင်းစဉ်)**

နတ်တလင်းမြို့နယ်အသင်းနှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မေ ၃၀

နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇွန်၁၁ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်(အလယ်ပစ္စယာ) အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်။

အသက်(၇၅)နှစ်နှင့်အထက်ရှိ အသင်းဝင်အဘိုးအဘွားများ၊ ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့်အဋ္ဌမတန်းတို့တွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများ၊ ၂၀၀၄–၂၀၀၅ပညာသင်နှစ်တွင် သူငယ်တန်းမှ နဝမတန်းအထိ အတန်းအသီးသီးတွင် တန်းခွဲတစ်ခုချင်းအလိုက် ပထမရသူများ၊ တန်းခွဲအားလုံးတွင် ပထမရသူများ၊ တက္ကသိုလ်၊ ကောလိပ်အတန်းအသီးသီးတွင် ဂုဏ်ထူးရရှိသူများ၊ နိုင်ငံတော်အဆင့်ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများနှင့် နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့ထူး၊ဂုဏ်ထူးရရှိသူများသည် ဒေါ်ဝင်းကြည်(ဥက္ကဋ္ဌ) ဖုန်း–၂၉၄၂၈၂၊ ဦးမောင်မောင်ထွန်း(ဒုတိယဥက္ကဋ္ဌ၊ ဖုန်း–၆၆၆၂၇၈)၊ ဦးလှသန်း(ဘဏ္ဍာရေးမှူး) ဖုန်း– ၅၃၇၈၃၉ နှင့် ဦးဝင်းအောင်(အတွင်းရေးမှူး) ဖုန်း–၀၉–၅၀–၀၃၂၆၈တို့သို့ ဆက်သွယ်၍ ဇွန်၃ရက်အရောက် ကြိုတင်စာရင်းပေးပို့ကြရန်နှင့် အစည်းအဝေးတက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ ထို့အပြင် သံဃာတော်အပါး၅၀အတွက် သင်္ကန်း၊ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများကိုလည်း ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ထုတ်ကုန်ပစ္စည်းများအရောင်းကိုယ်စားလှယ်ပေးအပ်ခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှထုတ်လုပ်သော အဝတ်အထည်၊ စားသောက်ကုန်၊ ဆေးဝါးနှင့် လူသုံးကုန်ပစ္စည်းများအား ဝင်းသူဇာအရောင်းဆိုင်များတွင် ဆိုင်တင်ရောင်းချလျက်ရှိပါသည်။ အဆိုပါဆိုင်တင်ပစ္စည်းအမယ်များအား အရောင်းကိုယ်စားလှယ်ယူလိုသူများသို့ ကိုယ်စားလှယ်ပေးအပ်သွားမည်ဖြစ်ပါသည်။

၂။ ကိုယ်စားလှယ်ယူလိုသူများအား အောက်ဖော်ပြပါအချက်အလက်များဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်–

(က) မိမိဝယ်ယူလိုသောပစ္စည်းတန်ဖိုးနှင့်ညီမျှသော မိမိပိုင်(အိမ်၊ ခြံ၊ မြေ၊ ရွှေ၊ ငွေ)တို့အား အာမခံအဖြစ် တင်ဆောင်ရမည်ဖြစ်ပါသည်။

(ခ) အာမခံတင်သွင်းထားသော တန်ဖိုးအတွင်းရှိ ပစ္စည်းများအား ဝယ်ယူနိုင်ပါသည်။

(ဂ) မိမိတတ်နိုင်သလောက် ပစ္စည်းအမယ်နှင့် အရေအတွက်အား ဝယ်ယူနိုင်ပါသည်။

(ဃ) ကိုယ်စားလှယ်ယူလိုသောပစ္စည်းအမယ်အား သက်ဆိုင်ရာစက်မှုလုပ်ငန်းများသို့ လာရောက်ဆွေးနွေးနိုင်ပါသည်။

(င) မိမိဝယ်ယူလိုသောပစ္စည်းအမျိုးအစားအား မိမိလိုချင်သောပုံစံဖြင့် ထုတ်လုပ်ပေးစေလိုပါက ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

(စ) တစ်လတစ်ကြိမ်ယူသည့်စနစ် (သို့မဟုတ်) အဟောင်းကုန် အသစ်ယူစနစ် ကျင့်သုံးနိုင်ပါသည်။

(ဆ) နိုင်ငံတော်စီမံကိန်းသုံး ထုတ်ကုန်ပစ္စည်းအချို့နှင့် ဆရာဝန်ညွှန်ကြားချက်အရသုံးရသော ဆေးဝါးများမှအပ ကျန်ပစ္စည်းများအား ဝယ်ယူနိုင်ပါသည်။

(ဇ) ဝင်းသူဇာဆိုင်မတင်သော အင်္ကျီတေပစ္စည်းများနှင့် မီးခံအုတ်ပစ္စည်းများလည်း ဝယ်ယူနိုင်ပါသည်။

(ဈ) အသင်း/အဖွဲ့၊ ပုဂ္ဂလိကမည်သူမဆို လွတ်လပ်စွာ ကိုယ်စားလှယ်အဖြစ် လျှောက်ထားနိုင်ပါသည်။

(ည) ကိုယ်စားလှယ်အရေအတွက်ကို သတ်မှတ်ထားခြင်းမရှိပါ။

၃။ ကိုယ်စားလှယ်ယူလိုသူများသည် အမှတ်(၁)စက်မှုဝန်ကြီးဌာန နေပြည်တော် တယ်လီဖုန်းအမှတ် ၀၆၇–၄၀၈၁၃၅ နှင့် ရန်ကုန်မြို့ တယ်လီဖုန်းအမှတ် ၀၁–၅၆၂၁၉၃ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန

ကိုရီးယားနိုင်ငံလုပ် ပစ္စည်းအမျိုးပေါင်း ရှစ်ထောင်ကျော် အထူးသက်သာသော ဈေးနှုန်းများဖြင့် ရောင်းချသွားမည်

● *ကျော့ဖုံးမှ*

တွေ့ဆုံ

ထိုဈေးရောင်းပွဲတော်၌ မည်သည့် ပစ္စည်းများရောင်းချမည်၊ မည်သူတို့ ပါဝင်ဆင်နွှဲမည်ကို သိရှိရန် မြန်မာ့အလင်းသတင်းအဖွဲ့က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများ အား သွားရောက်တွေ့ဆုံမေးမြန်းခဲ့ သည်။

ပါဝင်ဆင်နွှဲကြမည်

ပထမဦးစွာ မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း က "ဒီဈေးရောင်းပွဲတော်မှာ ရုပ်ရှင် သရုပ်ဆောင်အမျိုးသား၊ အမျိုးသမီး ၅၀ခန့် ပါဝင်ဆင်နွှဲကြမည်ဖြစ် ကြောင်း၊ ဈေးရောင်းပွဲတော် ပိုပြီး စည်ကားအောင်၊ ပျော်ရွှင်စရာဖြစ်

"ဒီဈေးရောင်းပွဲတော်မှာ ကုန်ပစ္စည်းအမျိုးအစားရှစ်ထောင်ကျော် ပါဝင်ထည့်သွင်းရောင်းချသွားမယ်"
ကိုရီးယား ဘုန်းတော်ကြီး၏ ကိုယ်စားလှယ် ဦးကျော်စိုးမိုး။
ဓာတ်ပုံ–တင်စိုး(မြန်မာအလင်း)

"ဒီပွဲမှာ ဖျော်ဖြေရေးကဏ္ဍ နှစ်ပိုင်းခွဲထားပါတယ်၊ ဘာသာရေး ဆိုင်ရာ ဓမ္မတေးသီချင်းနဲ့ ခေတ်ပေါ်တေးသီချင်းများ သီဆိုဖျော် ဖြေရေးအပိုင်းတွေ ပါရှိမယ်"
ကြည်သာ (ပွဲကြိုက်ခင်)။
ဓာတ်ပုံ–တင်စိုး(မြန်မာအလင်း)

အောင်၊ ဈေးလာရောက်ဝယ်သူတွေ ပျော်ရွှင်ကြည်နူးအောင်အတွက် မြန်မာ နိုင်ငံရုပ်ရှင်အစည်းအရုံးက တတ်နိုင် သမျှ ဝိုင်းဝန်းကူညီ ကုသိုလ်ယူကြ ခြင်းဖြစ်ကြောင်း" ပြော ကြားသည်။

တစ်ဖန် ကိုရီးယားနိုင်ငံမှ ဘုန်း တော်ကြီး Venerable Mok Tak-Hye Eun ၏ ကိုယ်စားလှယ်ဖြစ်သူ ဦးကျော်စိုးမိုးအား ယခုဈေးပွဲတော်၌ ရောင်းချမည့်ပစ္စည်းများနှင့်ပတ်သက် ၍ မေးမြန်းရာ "ဒီဈေးရောင်းပွဲတော်မှာ တောင်ကိုရီးယားနိုင်ငံလုပ်ပစ္စည်းများ ဖြစ်သည့် အဝတ်အထည်များ၊ အမျိုး သမီးလက်ကိုင်အိတ်များ၊ ကျောပိုး အိတ်များ၊ ဖိနပ်များနှင့် တီရှပ်များ စသည့်ပစ္စည်းအမျိုးအစားပေါင်း ရှစ် ထောင်ကျော်ကိုရောင်းချသွားမည်ဖြစ် ကြောင်း၊အထူးသက်သာသောဈေးနှုန်း များဖြင့်ရောင်းချပေးသွားမည်ဖြစ်ပါ ကြောင်း" ပြောကြားသည်။

ပရဟိတကျောင်း

ဈေးရောင်းပွဲတော်၌ ရောင်းရ သော ငွေများကို လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်းရှိ ဘုန်းတော်ကြီး ပရဟိတကျောင်း တည်ဆောက်ရန် အတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း လည်း ၎င်းကဆက်လက်ရှင်းပြသည်။

ဖျော်ဖြေရေး

ထို့နောက် ယခုပြုလုပ်မည့် ဈေး ရောင်းပွဲတော်နှင့်ပတ်သက်၍ ဖျော်ဖြေ ရေးတာဝန်ခံဖြစ်သူ ဦးကြည်သာက ပြောကြားရာတွင် "ဒီပွဲမှာ ရုပ်ရှင် အစည်းအရုံးတီးဝိုင်းနှင့် ရုပ်ရှင်သရုပ် ဆောင်များ ဖျော်ဖြေသီဆိုကြမည်ဖြစ် ကြောင်း၊ ဖျော်ဖြေရေးအစီအစဉ်ကို နှစ်ပိုင်းခွဲထားကြောင်း၊ ပထမပိုင်းတွင် ဘာသာရေးဆိုင်ရာတေးသီချင်းများကို ရုပ်ရှင်သရုပ်ဆောင်များက သီဆိုကြ မည်ဖြစ်ပြီး ဒုတိယပိုင်းတွင် ခေတ်ပေါ် တေးသီချင်းများကို သီဆိုဖျော်ဖြေကြ မည်ဖြစ်ကြောင်း၊ ဖျော်ဖြေရေး အစီ

"ရုပ်ရှင်သရုပ်ဆောင်တွေ သီဆိုဖျော်ဖြေမှုအဆင်ပြေအောင်၊ ဈေးရောင်းရာမှာ အဆင်ပြေအောင် စီစဉ်ပေးသွားမယ်"
ဒေါ်မြင့်မြင့်ခိုင်။
ဓာတ်ပုံ–တင်စိုး(မြန်မာအလင်း)

အစဉ်ကို ညနေ ၄ နာရီမှ ၈ နာရီအထိ သတ်မှတ်ထားပါကြောင်း" ပြောကြား သွားသည်။

ကြည်နူးစရာ

မြန်မာ–ကိုရီးယားချစ်ကြည်ရေး ကုသိုလ်ပြု ကိုရီးယားလူသုံးကုန် ပစ္စည်းများ ဈေးရောင်းပွဲတော်တွင် ပါဝင်ဆင်နွှဲမည့် မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံးမှ ပြန်ကြားရေးမှူး ဒေါ်မြင့်မြင့်ခိုင်က "ဒီပွဲမှာ ဖျော်ဖြေ ကြမယ့်ရုပ်ရှင်သရုပ်ဆောင်တွေ သီဆို ဖျော်ဖြေရာမှာ အဆင်ပြေအောင် စီစဉ် ပေးပြီး ဈေးရောင်းရာမှာလဲ ပါဝင် ကူညီပေးသွားမှာပါ၊ ကုသိုလ်ယူတဲ့ပွဲမို့ ကြည်နူးစရာ ကောင်းပါတယ်" ဟု ပြောကြားသည်။

ယိမ်းအက

ထို့အပြင် ရုပ်ရှင်အစည်းအရုံးမှ စည်းရုံးရေးမှူးဒေါ်နွဲ့နွဲ့စမ်းက "အမေ များ ယိမ်းအကလဲပါဝင်တာမို့ ယိမ်း အက ကရမှာဖြစ်ပါတယ်။ ကုသိုလ် ရေးအတွက် ကိုယ်တတ်နိုင်တဲ့ဘက်က ပါဝင်ဆောင်ရွက်ပေးရတာမို့ ဝမ်းသာ ရပါတယ်။ ဈေးလဲ ရောင်းပေးမယ်၊ ယိမ်းအကလဲ ကမယ်၊ ဈေးရောင်း ရင်းက၊ ကရင်း ဈေးရောင်းပေါ့"ဟု ပြောကြားသွားသည်။

ယခုဈေးရောင်းပွဲတော်၌ အမေ များ ယိမ်းအကအပြင် မမများယိမ်း အကလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် မြန်မာ–ကိုရီး ယားချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ၏ ကိုယ်စားလှယ် ဦးဥက္ကာဝင်းကလည်း

"အမေများ ယိမ်းအကလဲ ပါတာမို့၊ ယိမ်းအကမှာ ပါဝင် ကပြမယ်၊ ကိုယ့်လုပ်အားနဲ့ ကုသိုလ်ယူရတာပေါ့"
ဒေါ်နွဲ့နွဲ့စမ်း။
ဓာတ်ပုံ–တင်စိုး(မြန်မာအလင်း)

ကရဝိက်ခန်းမကိုအခမဲ့ကူညီပေးပြီး ခန်းမရှိ တီးဝိုင်းများ၊ ခန်းမအပြင် အဆင်များကို စေတနာဖြင့်ဝိုင်းဝန်း ကူညီပေးခြင်းဖြစ်ကြောင်း၊ ဈေးရောင်း နေရာကိုလည်း ပံ့ပိုးကူညီပေးထား ကြောင်း ရှင်းပြသည်။ ယခုဈေးရောင်း ပွဲတော်ဖြစ်မြောက်ရေးအတွက်မြန်မာ–ကိုရီးယား ချစ်ကြည်ရေးအသင်းက ကူညီပံ့ပိုးပေးကြောင်း သိရသည်။

လာမည့် ဇွန် ၂ ရက်မှ ၄ ရက်အထိ ရန်ကုန်မြို့ ကရဝိက်ဟိုတယ် ဥတ္တရ ခန်းမ၌ပြုလုပ်မည့် မြန်မာ–ကိုရီးယား ချစ်ကြည်ရေး ကုသိုလ်ပြု ကိုရီးယား လူသုံးကုန်ပစ္စည်းများဈေးရောင်းပွဲတော် သို့ သွားရောက်ဝယ်ယူအားပေးရင်း ကုသိုလ်ယူနိုင်ကြရန် သတင်းစကား ပါးလိုက်ပါသည်။ ။**(မြန်မာ့အလင်း)**

ဆရာဝန်အသင်း ဆေးပညာဆွေးနွေးပွဲ ရက်ပြောင်းရွှေ့မည်

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို) အထွေထွေရောဂါကု ဆရာဝန် များ အဖွဲ့က ကြီးမှူး၍ အထွေထွေ ရောဂါ/ မိသားစု ကျန်းမာရေး စောင့်ရှောက်မှုပညာ စဉ်ဆက်မပြတ် တိုးတက်ရေး ရည်သန်လျက် ပညာရပ် ဆိုင်ရာဆွေးနွေးပွဲကို မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင် (ဘီ)၌ ဇွန် ၁ ရက်တွင် ကျင်းပမည့် အစား၊ ဇွန် ၂ ရက်သို့ ပြောင်းရွှေ့ပြီး မွန်းတည့် ၁၂ နာရီမှ ညနေ ၃နာရီအထိ ကျင်းပ မည်ဖြစ်သည်။ ဆွေးနွေးပွဲသို့ စိတ်ပါ ဝင်စားသည့် ဆရာဝန်များ တက် ရောက် နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးအခမ်းအနား ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်များ၌ကျင်းပ

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ် နှံရေး အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံ ပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌လည်းကောင်း၊ နံနက် ၉ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌လည်းကောင်းကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင်၊ ရန်ကုန်တိုင်း အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူ၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးရဲလွင်အောင်နှင့် တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ပါဝင်လှူဒါန်း

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင် သက်ဌေးက ရန်ကုန်တိုင်းအတွင်း ကျောင်းနေအရွယ် ကလေးများ ကျောင်းအပ်နှံနိုင်ရေးအတွက် မြန်မာ နိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပါဝင်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားသည်။

လှူဒါန်း

ဆက်လက်၍ မြန်မာနိုင်ငံအမျိုး သမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး**(အပေါ်ပုံ)**၊ ရန်ကုန် တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေး မှု အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင်၊ ရန်ကုန်တိုင်း အမျိုး သမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုး သူနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်နီ နီစိန်တို့ကမြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ ပညာရေးဝန်ကြီးဌာနနှင့် တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များကလှူဒါန်းသည့်ကျောင်းသုံး ဗလာစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများကို ပေးအပ်လှူဒါန်း ကြရာ ရန်ကုန်အနောက်ပိုင်းခရိုင် အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်နှင့် ရန်ကုန်မြောက်ပိုင်း ခရိုင်အတွင်းရှိ မြို့နယ်(ရှစ်)မြို့နယ်တို့မှ ကျောင်းသား ကျောင်းသူများက လက်ခံကြသည်။

ကျေးဇူးတင်စကား

ထို့နောက် ရန်ကုန်အနောက်ပိုင်း ခရိုင် ပညာရေးမှူး ဒေါ်စန်းနုနှင့် ရန်ကုန်မြောက်ပိုင်းခရိုင်ပညာရေးမှူး ဦးရန်နောင်တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ယနေ့ လှူဒါန်းသည့် ကျောင်းသုံး ပစ္စည်းများနှင့် ကျောင်းဝတ်စုံများ၏ တန်ဖိုးမှာ ရန်ကုန်အနောက်ပိုင်းခရိုင် အတွက် ငွေကျပ် ၃၈သိန်းကျော်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အတွက် ငွေကျပ် ၆၇သိန်းကျော်ဖြစ်သည်။

မတည်ငွေ

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အနေဖြင့် မေ ၂၉ရက်နှင့် ယနေ့တို့တွင် ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်(လေး)ခရိုင်၌ ကျင်းပသော ကျောင်းနေအရွယ် ကလေးများ ကျောင်းအပ်နှံရေး အခမ်းအနားများ တွင် ကျောင်းနေရန် အခက်အခဲရှိသော ကျောင်းသား ကျောင်းသူများအတွက် စာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ရန် မတည်ငွေ ကျပ်သိန်း ၅၀ကို လှူဒါန်းကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ခရမ်းမြို့နယ် အမှတ်(၂) အစိုးရအထက်တန်းကျောင်း ခန်းမ၌ မေ ၂၇ ရက်တွင် ကျောင်းအပ်နှံရေးနှင့် အလှူငွေပေးအပ်ပွဲ ကျင်းပရာ အလှူရှင် ဦးသက်ခိုင်–ဒေါ်ဖြူဖြူဝင်းတို့က ကျောင်းသား ကျောင်းသူများအတွက် အလှူငွေကျပ် ခြောက်သောင်းတန်ဖိုးရှိ ဗလာ စာအုပ်များကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မမအောင်ထံ ပေးအပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

(၃၁–၅–၂၀၀၆)

World No-Tobacco Day

(31-5-2006)

"ဆေးလိပ်ဆေးရွက်ဆွဲဆောင်အား၊ အသက်အန္တရာယ် သတိထား တွန်းလှန်နိုင်ဖို့ နိုးကြိုးစား"

Tobacco deadly in any form or disguise

ကျန်းမာရေးဝန်ကြီးဌာန

KNU ဟာ တကယ်တော့… … … … … …

KNU ဟာ တကယ်တော့… … … … … … KNU ဟာ တက

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ ပဲခူးတိုင်းအတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှုရရှိရေး ဆောင်ရွက်မှုအခြေအနေ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအနေအထား၊ KNU သောင်းကျန်းသူအချင်းချင်း အာဏာလုသတ်ဖြတ်ညှဉ်းဆဲမှုကြောင့် လွတ်မြောက်ရာသို့ ထွက်ပြေးနေရမှုများနှင့် KNU တို့၏ လူသတ်၊ လုယက်၊ မီးရှို့၊ မိုင်းထောင်၊ ဖောက်ခွဲဖျက်ဆီးမှုကြောင့် ဒေသခံတိုင်းရင်းသားပြည်သူအချို့ အတိဒုက္ခရောက်နေရပုံများအား လှည့်လည်ကြည့်ရှုသည့် ပြည်တွင်းပြည်ပ သတင်းစာဆရာများ၏ လေ့လာရေးခရီးစဉ် သတင်းများနှင့် စာနယ်ဇင်းသမားတစ်ဦး၏ **"ကိုယ်တွေ့မျက်မြင် လေ့လာရေးခရီးစဉ်"** ဆောင်းပါးနှစ်စောင်ကို သတင်းစာများတွင် ဖတ်ရှုလိုက်ရပါသည်။

ထိုဆောင်းပါး၏ နိဂုံးချုပ်တွင် ပြည်သူတို့လိုလားတောင့်တသော ငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် KNU တို့၏ မှားယွင်းသော အကြမ်းဖက်အဖျက်လုပ်ရပ်များ ရပ်တန့်ရပ်သိမ်းချုပ်ငြိမ်းသွားအောင် နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့နှင့်အတူ စာရေးသူတို့ စာနယ်ဇင်းသမားများကလည်း ပါဝင်ပူးပေါင်းဆောင်ရွက်သွားကြရမည်သာ ဖြစ်ပါတော့သည်ဟု ကောက်ချက်ချထားသည်ကို သတိပြုမိခဲ့ပါသည်။

ထိုအချိန်မှစ၍ ကျွန်တော်တို့နှစ်ဦး စကားဝိုင်းဖွဲ့မိရင်း KNU တို့နှင့်ပတ်သက်သည့် ပြည်တွင်းပြည်ပသတင်းများကို အလေးထားလေ့လာဖြစ်ခဲ့ကြပါသည်။ KNU တို့နှင့်ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများ၊ စာအုပ်စာစောင်များကိုလည်း ရှာဖွေဖတ်ရှုခဲ့ကြပါသည်။ ကရင်ပြည်နယ်အကြောင်းနှင့် ကရင်တိုင်းရင်းသားတို့အကြောင်း ရေးသားပြုစုထားသည့် စာအုပ်စာစောင်များနှင့် မှတ်တမ်းမှတ်ရာများကိုလည်း လက်လှမ်းတမီရှာဖွေဖတ်ရှုပြီး အမြင်ချင်းဖလှယ်ခဲ့ကြပါသည်။

ပြည်တွင်းပြည်ပသတင်းစာဆရာများ၏ ၁၃–၅–၂၀၀၆ ရက်နေ့ လေ့လာရေးခရီးစဉ်တွင် သပြေညွန့်ကျေးရွာ၌ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးက **"တကယ်တော့ အခုလိုဖြစ်ပေါ်လာတာတွေဟာ ပြည်ပဆရာကြီးတွေနဲ့ KNU အကြမ်းဖက်သောင်းကျန်းသူတွေက မြေအောက်တိုက်ကွက်နဲ့ ပြည်တွင်းပြည်ပ မြေပေါ်တိုက်ကွက်ကို ကြိုတင်စီမံဆက်စပ်ဆင်နွှဲလာတာပဲ ဖြစ်ပါတယ်။ KNU ဟာ နိုင်ငံတော်အစိုးရက ငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့အတွက် ကြိုးပမ်းနေမှုကို ခုတုံးလုပ်ပြီး အတွင်းပိုင်းဒေသကို ဖောက်ခွဲရေး ဖျက်ဆီးရေးအဖွဲ့တွေ စေလွှတ်လာပါတယ်။ ဒီလို ရထားလမ်း၊ ကားလမ်းနဲ့ မြို့ကြီးပြကြီးတွေမှာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုတွေ ထပ်ခါတလဲလဲလုပ်လာရင် တပ်မတော်က လုံခြုံရေးနဲ့ နယ်မြေစိုးမိုးရေးတွေ မလွှဲမသွေ လုပ်လာလိမ့်မယ်၊ အဲဒီအခါမှာ ၎င်းတို့ ကြိုတင်ဇာတ်တိုက်ထားတဲ့အတိုင်း တပ်မတော်က တိုက်ခိုက်လို့ ကျေးရွာတွေရွှေ့ပြောင်းရတယ်၊ ရွာသူရွာသားတွေ ဒုက္ခသည်အဖြစ်နဲ့ ထွက်ပြေးတိမ်းရှောင်နေရတယ်လို့ ကမ္ဘာက အထင်အမြင်လွဲမှားအောင် ဝိုင်းပြီးလှုံ့ဆော်ကြမယ်၊ ၎င်းတို့ လုပ်ကြံဖန်တီးထားတဲ့ ဒုက္ခသည်ပြဿနာဆိုတာကို မီးမောင်းထိုးဗန်းပြပြီး ဒေသလုံခြုံရေးကို ထိခိုက်ပျက်ပြားစေတယ်လို့ ထပ်ဆင့်စွပ်စွဲမယ်၊ နိုင်ငံတကာက သို့လောသို့လော တွေးတောလာတဲ့အခါမှာ မြန်မာနိုင်ငံရဲ့ အရေးကိစ္စကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီအထိ တင်ဖို့ အစီအမံရှိရှိ၊ ရည်ရွယ်ချက်ရှိရှိနဲ့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ပူးပေါင်းလုပ်ဆောင်နေကြတာတွေပဲဖြစ်တယ်"** ဟူ၍ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်ကိုလည်း အထူးအာရုံပြုမိခဲ့ကြပါသည်။

ဝန်ကြီး၏ ရှင်းလင်းပြောကြားချက်အပြည့်အစုံနှင့်အတူ ဒေသခံတိုင်းရင်းသားတို့ ရင်ဖွင့်ပြောကြားကြသည့် KNU ၏ အကြမ်းဖက်လုပ်ရပ်မှန်သမျှကို သတင်းစာများတွင်လည်းကောင်း၊ ရေဒီယိုနှင့်ရုပ်မြင်သံကြား ထုတ်လွှင့်ချက်များတွင်လည်းကောင်း၊ အင်တာနက်ပေါ်တင်၍လည်းကောင်း ကမ္ဘာတစ်ဝန်းမှ ကြားမြင်သိရှိနိုင်စေရန် ထုတ်လွှင့်ဖော်ပြခဲ့ကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ နိုင်ငံခြား သတင်းထောက်များ အသင်းဝင် သတင်းစာဆရာများကလည်း ပြည်ပရှိ ၎င်းတို့နှင့်သက်ဆိုင်ရာ သတင်းဌာနအသီးသီးသို့ သတင်းများ ပေးပို့ခဲ့ကြသည်ဟု သိရပါသည်။ ပြည်တွင်း၌ထုတ်ဝေသော စာနယ်ဇင်းများတွင်လည်း တာဝန်သိ စာနယ်ဇင်းသမားများက မီးမောင်းထိုး၍ ရေးသားဖော်ပြခဲ့ကြပါသည်။

KNU အကြမ်းဖက်သောင်းကျန်းသူများက (၁၀–၁–၈၈)ရက်နေ့၌ မန္တလေး–ရန်ကုန် အမြန်ရထားကို ပုဇွန်တောင်ဘူတာအနီးတွင် ဗုံးထောင် ဖောက်ခွဲခဲ့ရာ အပြစ်မဲ့ပြည်သူများ ဤကဲ့သို့ သေကျေဒဏ်ရာရခဲ့သည်။

KNU ဖောက်ခွဲဖျက်ဆီးရေးသမားများ လက်ချက်ဖြင့် (၁၀–၁–၈၈)ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် မန္တလေး–ရန်ကုန် အမြန်ရထား မိုင်းပေါက်ကွဲမှုဖြစ်စဉ် မှတ်တမ်းဓာတ်ပုံများ။

ထိုသို့ နိုင်ငံတကာမှ အမှန်အတိုင်းသိရှိစေရန် ထုတ်လွှင့်ဖော်ပြခဲ့သော်လည်း ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် လက်ဝေခံသတင်းဌာနအချို့ကမူ မြန်မာနိုင်ငံအပေါ် ထားရှိသော ၎င်းတို့၏ တစ်ဖက်စောင်းနင်းမူဝါဒအတိုင်း ကျား၊ ကျား–မီးယပ်သဘောဖြင့် ငါတကောသာ ကောနေကြောင်း လေ့လာတွေ့ရှိနေရပါသည်။ ရထားလမ်းတစ်လျှောက်၌ KNU တို့က ဖျက်အားပြင်းသည့် မိုင်းများထောင်ပြီး ခရီးသွားပြည်သူများ အစုလိုက်အပြုံလိုက် သေကျေပျက်စီးစေရန် အကြမ်းဖက်လုပ်ကြံမှုကို အထောက်အထားများနှင့်တကွ တွေ့မြင်ရသည့်တိုင် KNU တို့အား တစ်စုံတစ်ရာ ဝေဖန်ပြစ်တင်ပြောဆိုမှုမပြုဘဲ ရေငုံနှုတ်ပိတ်လုပ်နေကြပါသည်။ **ထိုသို့ ရေငုံနှုတ်ပိတ်လုပ်နေသော ပါးစပ်များကပင် အထောက်အထားမရှိ၊ ယုတ္တိမရှိသော သတင်းများကို လုပ်ကြံဖန်တီးပြီး တပ်မတော်က ဒေသခံ ကရင်တိုင်းရင်းသားများအား အဓမ္မပြောင်းရွှေ့နေသည်၊ ဖိနှိပ်နေသည်ဟု စွပ်စွဲပုတ်ခတ်နေကြပြန်ပါသည်။**

KNU တို့က ကျေးရွာများအား မီးရှို့ပစ်ခတ်ဖျက်ဆီးမှု၊ ကျေးရွာပတ်ဝန်းကျင်များ၌ မိုင်းထောင်ဖောက်ခွဲမှုတို့ကြောင့် အတိဒုက္ခရောက်

စိုးမြကျော်နှင့် ေ

နေကြရသူ ဒေသခံတိုင်းရင်းသားများက
သားစဉ်မြေးဆက်အထိ ခံနေရဦးမှာ
များကို ကျွန်တော်တို့နည်းတူ ၎င်းတို့
မကြားချင်ယောင်၊ မမြင်ချင်ယောင်ဆေ
သည်။ အမှန်တရားနှင့် ဆန့်ကျင်ဘက်
၎င်းတို့ တစ်ဖက်စောင်းနင်းထုတ်လွှင့်
KNU အား ထိုးစစ်ဆင်နေမှုကို ရပ်တ
ဒုက္ခသည်အဖြစ် ထွက်ပြေးတိမ်းရှော
ဟူ၍သာ ဖြစ်နေသည်ကို ကျွန်တော်
တွေ့ရှိရပါသည်။

ပြည်ပဆရာကြီးများ၊ ၎င်းတို့
အဖျက်သမားများ၏ ဆိုလိုချက်မှာ K
ဖျက်ဆီးလို့ ပြည်သူတွေ သေကျေပျက်စ

KNU အကြမ်းဖက်သောင်းကျ
သော အကြမ်းဖက်လုပ်ရပ်များအနက်
မြဝတီမြို့အား KNU တို့ ဝင်ရောက်
နောက် တွေ့မြင်ရစဉ်။

တွေ လုပ်ချင်ရာလုပ်ပစေ၊ တပ်မတော်က
ထိုင်ပြီး လက်ပိုက်သာကြည့်နေပါ ဟူ
၎င်းတို့၏ ထိုသဘောမှာ တစ်နည်း
အရေးအကြီးဆုံးဖြစ်သည့် အသက်အိုး
အရေးကို ချိုးဖောက်ဖျက်ဆီးရာ ရော

၁၉၇၇ ခုနှစ် မတ်လ ၂၁ ရက်နေ့ ကျိုက်ထီးရိုးဘုရားရင်ပြင်တော်အား KNU အ



ကျိုးပါးစပ်ကတုတ်မှ မုဆိုးတောင်ဘုရားသို့ မြင်ကွင်းတွင် ထမင်းဆိုင်များ မီးလောင်ထားသည်ကို ေ

၁၉၄၉ ခုနှစ်က KNU တို့၏ မေမြို့ (ပြင်ဦးလွင်) နှင့် ဖြူးမြို့ မြို့လုံးကျွတ်သတ်ဖြတ်မှုများကို ပြန်လည်လေ့လာလျှင် နာဇီတို့ကျူးလွန်ခဲ့သည့် လူမျိုးတုံးသတ်ဖြတ်မှုကြီးနှင့် နင်လားငါလား ထူးမခြားနားဖြစ်နေသည်ကို ကြက်သီးထစဖွယ်တွေ့ရှိရပါလိမ့်မည်။ ဤသည်တို့မှာ ယနေ့ထက်တိုင် KNU တို့ ကျူးလွန်လျက်ရှိသည့် Ethnic Cleansing လုပ်ရပ်များပင် ဖြစ်ပါတော့သည်။

KNU ဟာ တကယ်တော့… … … … … … KNU ဟာ တကယ်တော့… … … … … … KNU ဟာ တကယ်တော့… … … … … … KNU ဟာ တကယ်တော့… … … … … …

KNU ဟာ တကယ်တော့… … … … … … KNU ဟာ တကယ်တော့… … … … … … KNU ဟာ တကယ်တော့… … … … … … KNU ဟာ တကယ်တော့… … … … … …

စိုးမြကျော်နှင့် စောမြအောင်

နေကြရသူ ဒေသခံတိုင်းရင်းသားများက KNU တို့၏ဒဏ်ကို နောင်သားစဉ်မြေးဆက်အထိ ခံနေရဦးမှာလားဟု ရင်ဖွင့်ပြောကြားချက်များကို ကျွန်တော်တို့နည်းတူ ၎င်းတို့ ရှုမြင်နားဆင်ခဲ့ရသော်လည်း မကြားချင်ယောင်၊ မမြင်ချင်ယောင်ဆောင်၍ မသိကျိုးကျွန်ပြုနေကြပါသည်။ အမှန်တရားနှင့် ဆန့်ကျင်ဘက်တွင် ရပ်တည်မြဲရပ်တည်နေပြီး ၎င်းတို့ တစ်ဖက်စောင်းနင်းထုတ်လွှင့်နေသည့် သတင်းများကတော့ KNU အား ထိုးစစ်ဆင်နေမှုကို ရပ်တန့်ပါ၊ ကရင်တိုင်းရင်းသားများ ဒုက္ခသည်အဖြစ် ထွက်ပြေးတိမ်းရှောင်နေရအောင် မပြုလုပ်ပါနှင့် ဟူ၍သာ ဖြစ်နေသည်ကို ကျွန်တော်တို့ အံ့အားသင့်စဖွယ် လေ့လာတွေ့ရှိရပါသည်။

ပြည်ပဆရာကြီးများ၊ ၎င်းတို့လက်ဝေခံများနှင့် အပေါင်းပါအဖျက်သမားများ၏ ဆိုလိုချက်မှာ KNU က မိုင်းထောင် ဖောက်ခွဲဖျက်ဆီးလို့ ပြည်သူတွေ သေကျေပျက်စီးတာ အရေးမကြီးဘူး၊ KNU တွေ လုပ်ချင်ရာလုပ်ပစေ၊ တပ်မတော်က ဘာမှဝင်မလုပ်ဘဲ ငုတ်တုတ်ထိုင်ပြီး လက်ပိုက်သာကြည့်နေပါ ဟူသော သဘောပင်ဖြစ်နေပါသည်။ ၎င်းတို့၏ ထိုသဘောမှာ တစ်နည်းအားဖြင့် ပြည်သူလူထုအတွက် အရေးအကြီးဆုံးဖြစ်သည့် အသက်အိုးအိမ် စည်းစိမ်လုံခြုံမှု လူ့အခွင့်အရေးကို ချိုးဖောက်ဖျက်ဆီးရာ ရောက်နေပါသည်။

ထိုအခါ ကျွန်တော်တို့နှစ်ဦးသည် KNU ဘာလဲ ဘယ်လဲ၊ KNU ကို ပြည်ပဆရာကြီးတွေက ဘာကြောင့် ဘက်လိုက်နေတာလဲ ဟူသော မေးခွန်းကို မေးနေမိပါသည်။ အဖြေကိုရှာကြည့်ခဲ့ကြပါသည်။

ကျွန်တော်တို့၏ အမိနိုင်ငံတော်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖြစ်ပါသည်။ မြန်မာနိုင်ငံကို လက်ရှိတွင် ပြည်နယ်(၇)ခု၊ တိုင်း(၇)ခုဖြင့် ဖွဲ့စည်းထားပါသည်။ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားမျိုးနွယ်စု (၁၀၀)ကျော်ရှိပါသည်။ တိုင်း(၇)ခုကို ဒေသအလိုက် နာမည်များမှည့်ခေါ်ထားပြီး ပြည်နယ်(၇)ခုကို တိုင်းရင်းသားမျိုးနွယ်စုအချို့အား ဝိသေသပြု၍ သက်ဆိုင်ရာနာမည်များနှင့် ယှဉ်တွဲမှည့်ခေါ်ထားခြင်းဖြစ်ပါသည်။ ကချင်ပြည်နယ်ဟု မှည့်ခေါ်ထားသော်လည်း ကချင်ပြည်နယ်၌ ကချင်တိုင်းရင်းသားများချည်းသာ နေထိုင်နေခြင်းမဟုတ်ပါ။ ကရင်ပြည်နယ်ဟု မှည့်ခေါ်ထားသော်လည်း ကရင်ပြည်နယ်၌ ကရင်တိုင်းရင်းသားများချည်းသာ နေထိုင်နေခြင်းမဟုတ်ပါ။ မည်သည့် ပြည်နယ်/တိုင်းတွင်မျှ တိုင်းရင်းသားမျိုးနွယ်စု တစ်မျိုးတည်း သီးခြားနေထိုင်သည်ဟူ၍ မရှိပါ။ တိုင်းရင်းသားမျိုးနွယ်စုအားလုံးသည် ပြည်နယ်အသီးသီး၊ တိုင်းအသီးသီးရှိ မြို့တိုင်းရွာတိုင်း၌ လက်ရေတစ်ပြင်တည်း အတူတကွ ရောနှောစုစည်းနေထိုင်လာခဲ့ကြသည်မှာ ရှေးပဝေသဏီ အစဉ်အဆက်ကပင် ဖြစ်ပါသည်။ **မြို့တိုင်း ရွာတိုင်း၌ ပြည်ထောင်စုကြီးထဲမှ ပြည်ထောင်စုငယ်လေးများအသွင် တိုင်းရင်းသားအချင်းချင်း တစ်ဦးအပေါ်တစ်ဦး အမှီသဟဲပြု၊ အထောက်အကူပြုလျက် စုစည်းနေထိုင်နေကြခြင်းပင် ဖြစ်ပါသည်။ မျက်မှောက်ခေတ်ကဲ့သို့ လမ်းပန်းဆက်သွယ်ရေး အထူး တိုးတက်ကောင်းမွန်အောင် တည်ဆောက်ပေးထားချိန်တွင် တိုင်းရင်းသားအချင်းချင်း ပေါင်းသင်းဆက်ဆံနေထိုင်မှုပုံစံမှာ ပို၍ပင် ကျစ်လျစ်သိပ်သည်းလျက်ရှိနေပါသည်။**

စာမျက်နှာ ၁၀ သို့

KNU အကြမ်းဖက်သောင်းကျန်းသူတို့၏ မြောက်မြားလှစွာသော အကြမ်းဖက်လုပ်ရပ်များအနက် ၁၉၈၉ ခုနှစ် ဧပြီလအတွင်းက မြဝတီမြို့အား KNU တို့ ဝင်ရောက်တိုက်ခိုက် မီးရှို့ဖျက်ဆီးခဲ့ပြီးနောက် တွေ့မြင်ရစဉ်။

KNU အကြမ်းဖက်သောင်းကျန်းသူများက (၂၆-၃-၆၁)ရက်နေ့တွင် ဒဂုန်လွင် မန္တလေး-ရန်ကုန် ခရီးစဉ်ရထားကို ဗုံးထောင် ဖောက်ခွဲပြီး အပြစ်မဲ့ခရီးသည်များအား ရက်စက်ကြမ်းတမ်းစွာ သတ်ဖြတ်ခဲ့သည်ကို (၂၇-၃-၆၁)ရက်နေ့ထုတ် ဟံသာဝတီသတင်းစာတွင် ဤသို့ဖော်ပြခဲ့သည်။

ယနေ့ကာလ ပြည်တွင်းပြည်ပ အဖျက်သမားများက တပ်မတော်အပေါ် မဟုတ်မမှန် လုပ်ကြံစွပ်စွဲနေသည့် Licensed To Rape ဆိုသည်ကို အမှန်တကယ် ကျူးလွန်နေသူမှာ KNU နှင့် အပေါင်းပါ အကြမ်းဖက်အဖျက်သမားများသာဖြစ်ကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။

ားရင်ပြင်တော်အား KNU အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ။

ထမင်းဆိုင်များ မီးလောင်ထားသည်ကို တွေ့ရပုံ။

တောင်ပိုင်ဘိုးဘိုးနီ နတ်နန်းအရှေ့တွင် သောင်းကျန်းသူတစ်ဦး သေဆုံးပြီး ပြန်ဆွဲသွားသောနေရာ၊ တိုက်ပွဲဖြစ်ပွားသည့်နေရာ။

ဟာ တကယ်တော့… … … … … … KNU ဟာ တကယ်တော့… … … … … … KNU ဟာ တကယ်တော့… … … … … … KNU ဟာ တကယ်တော့… … … … … …

စာမျက်နှာ ၉ မှ

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ပြည်နယ်/တိုင်းများကို ဖွဲ့စည်းရာတွင် ကရင်တိုင်းရင်းသား အများစု ဆက်စပ်နေထိုင်ရာ ဒေသကို ကရင်ပြည်နယ်ဟူ၍ သတ်မှတ်ဖွဲ့စည်းပေးခဲ့ပါသည်။ ၁၉၅၁ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက်အက်ဥပဒေ(၁၉၅၁ ခုနှစ် အက်ဥပဒေ ၆၂)အရ သံလွင်ခရိုင်(ဖာပွန်နယ်)ကို ကရင်ပြည်နယ် အဖြစ်သတ်မှတ်ရန် ပါလီမန်၏ သဘောတူညီချက်ဖြင့် နိုင်ငံတော် သမ္မတက ၁၉၅၁ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့၌ လက်မှတ်ရေးထိုး ခဲ့ပါသည်။ ကရင်ပြည်နယ် တိုးချဲ့သတ်မှတ်ရေးအတွက် ဒုတိယအဆင့် အနေဖြင့် သထုံခရိုင်မှ ဘားအံမြို့နယ်နှင့် လှိုင်းဘွဲမြို့နယ်၊ တောင်ငူ ခရိုင်မှ သံတောင်မြို့နယ်တို့ကို ၁၉၅၄ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် တိုးချဲ့သတ်မှတ်ပေးခဲ့ပါသည်။ တတိယအဆင့်အနေဖြင့် ကျိုက္ခမိခရိုင်မှ ကော့ကရိတ်မြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့ကို ၁၉၅၅ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် တိုးချဲ့သတ်မှတ်ပေးခဲ့ပြန်ပါသည်။ ထို့မှတစ်ဆင့် ၁၉၆၀ ပြည့်နှစ် မတ်လ ၁ ရက်နေ့တွင် ကော့ကရိတ် မြို့နယ်တွင် ပါဝင်သော မြဝတီကို မြို့နယ်တစ်ခုအဖြစ် သတ်မှတ် ပေးခဲ့ပါသည်။ ဤသို့ဖြင့် တိုင်းနှင့် ပြည်နယ်(၁၄)ခုတွင် တစ်ခုအပါ အဝင်ဖြစ်သော ကရင်ပြည်နယ်သည် ဘားအံ၊ လှိုင်းဘွဲ၊ ဖာပွန်၊ သံတောင်၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ မြဝတီဟူသည့် မြို့နယ် ခုနစ်ခုဖြင့် ဖွဲ့စည်းတည်ရှိနေ ခဲ့ခြင်းဖြစ်ပါသည်။

ကရင်ပြည်နယ်သည် ဧရိယာအားဖြင့် စတုရန်းမိုင်ပေါင်း ၁၁၇၃၀ ဒသမ ၈၅ မိုင် ကျယ်ဝန်းပါသည်။ ကရင်၊ ကယား၊ ပအိုဝ်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း အစရှိသည့် တိုင်းရင်းသားလူမျိုးများ စုစည်း နေထိုင်လျက်ရှိရာ လက်ရှိလူဦးရေမှာ ၁၇ သိန်းခန့်ဖြစ်ပါသည်။ ကရင် ပြည်နယ်တွင် မှီတင်းနေထိုင်သော ကရင်တိုင်းရင်းသားဦးရေမှာ ၂၀၀၄ ခုနှစ် စာရင်းအရ ၈၃၀၀၀၀(ရှစ်သိန်းသုံးသောင်း)ကျော် ဖြစ်ပါ သည်။ သို့ဖြစ်ရာ ကရင်ပြည်နယ်တွင် ကရင်တိုင်းရင်းသားများက တစ်ဝက်ခန့်နှင့် အခြားတိုင်းရင်းသားပေါင်းစုံက တစ်ဝက်ကျော်ခန့် အတူတကွ စုစည်းနေထိုင်လျက်ရှိနေသည်ဟု ဆိုရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ လက်ရှိလူဦးရေ ၅၄ သန်းကျော်ရှိသည့်အနက် ကရင်တိုင်းရင်းသားဦးရေမှာ ၃ သန်းခွဲနီးပါး ရှိပါသည်။ အဆိုပါ ကရင်တိုင်းရင်းသားများသည် ကရင်ပြည်နယ်အပါအဝင် တိုင်းနှင့် ပြည်နယ် ၁၄ ခုစလုံးတွင် အခြားတိုင်းရင်းသားများနှင့် အတူတကွ နေထိုင်နေခြင်းဖြစ်ပါသည်။ တစ်ပြည်လုံး၌ ကရင်တိုင်းရင်းသား ၃ သန်းခွဲနီးပါးရှိသည့်အနက် အများစုမှာ ဧရာဝတီတိုင်း၌ နေထိုင်ကြ ပါသည်။ ဧရာဝတီတိုင်း၌ မှီတင်းနေထိုင်သော တိုင်းရင်းသားပေါင်းစုံ လူဦးရေ ၇ သန်းခွဲခန့်ရှိရာ ကရင်တိုင်းရင်းသား ဦးရေ ၁ သန်းခွဲခန့် ပါဝင်ကြောင်း သိရပါသည်။

ယခင်က ဧရာဝတီတိုင်းတွင် KNU သောင်းကျန်းသူတို့ ကျက်စားမင်းမူခဲ့သော်လည်း ကရင်တိုင်းရင်းသားများအပါအဝင် ဒေသခံ ပြည်သူများက KNU တို့၏ မှားယွင်းသော အနောက်မျှော်ဝါဒနှင့် အကြမ်းဖက်အဖျက်လုပ်ရပ်များကို သည်းမခံနိုင်တော့၍ တပ်မတော်နှင့် ပူးပေါင်းချေမှုန်းခဲ့သဖြင့် ယခုအခါ ဧရာဝတီတိုင်းသည် အဖြူရောင် နယ်မြေဒေသအဖြစ် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီ ဖြစ်ပါသည်။ အလားတူပင် အခြား ပြည်နယ်/တိုင်းများ၌လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့နှင့် အခြားအဖွဲ့ငယ်များ ဥပဒေဘောင်အတွင်းဝင်ရောက်ခြင်း၊ ငြိမ်းချမ်းရေး ရယူတည်ဆောက် ခြင်းတို့ကြောင့် ထိုနယ်မြေဒေသများတွင်နေထိုင်သော ကရင်တိုင်းရင်း သားများ အပါအဝင် တိုင်းရင်းသားပြည်သူများသည် မျက်မှောက် ခေတ်၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အကျိုးစီးပွားအသီး အပွင့်များကို ယခင်ကာလများနှင့်မတူ တစ်မူထူးခြားစွာ ရရှိခံစား နိုင်လျက် ရှိနေပါသည်။

KNU အကြမ်းဖက်သောင်းကျန်းသူတို့၏ လက်နက်ကိုင်လမ်းစဉ် နှင့် မှားယွင်းသော မူဝါဒများသည် ကရင်တိုင်းရင်းသားများ အပါ အဝင် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကိုလည်းကောင်း၊ ကရင် ပြည်နယ် အပါအဝင် ပြည်ထောင်စုကြီးတစ်ခုလုံး၏ အကျိုးစီးပွားကို လည်းကောင်း သယ်ပိုးနိုင်ခြင်း မရှိရုံမက ဆုတ်ယုတ်ပျက်ပြားအောင် လုပ်ဆောင်နေခြင်းသာဖြစ်ပါသည်။ ထို့ကြောင့်လည်း KNU အဖွဲ့မှ အင်အား ၅၀၀၀ ကျော်သည် ရုန်းကန်ခွဲထွက်ပြီး DKBA အဖွဲ့ကို ဖွဲ့စည်းကာ KNU တို့အား ဆန့်ကျင်တွန်းလှန်ခဲ့ကြပါသည်။ ထို့အတူ ဖဒိုအောင်ဆန်းဦးစီးသောအဖွဲ့၊ ဦးစောသမူဟဲ ဦးစီးသောအဖွဲ့၊ ဦးစောဖယ်ရီမိုး ဦးစီးသောအဖွဲ့၊ ဦးကိုကြီးဦးစီးသောအဖွဲ့ စသည်တို့သည် အင်အားထောင်နှင့်ချီပြီး KNU အဖွဲ့မှခွဲထွက်ကာ လက်နက်နှင့်ငြိမ်းချမ်း ရေးလဲလှယ်ခဲ့ကြပါသည်။ ထို့ကြောင့် ယခုအခါ နယ်စပ်ဒေသ၌သာ ခိုကပ်နေရပြီး ဒုက္ခသည်စခန်းကိုဗန်းပြ၍ ရပ်တည်နေရသော KNU သောင်းကျန်းသူဦးရေမှာ ၃၅၀၀ ခန့်သာ ကျန်ရှိတော့ကြောင်း လေ့လာ သိရှိရပါသည်။

လက်ကျန် KNU သောင်းကျန်းသူ ၃၅၀၀ ခန့်ကို တစ်နိုင်ငံလုံး တွင် ပျံ့နှံ့နေထိုင်လျက်ရှိသော ကရင်တိုင်းရင်းသားဦးရေ ၃ သန်းခွဲနှင့် အချိုးချကြည့်ပါက ကရင်တိုင်းရင်းသားဦးရေ ၁၀၀ တွင် KNUဟူ၍ ဝဒသမ၁ ဦးသာရှိနေသည်ကို တွေ့ရှိရပါသည်။ ကရင်ပြည်နယ် အတွင်း မှီတင်းနေထိုင်သော ကရင်တိုင်းရင်းသားဦးရေ ၈၃၀၀၀၀ (ရှစ်သိန်း သုံးသောင်း)ကျော်နှင့်လည်း အချိုးချကြည့်ပါက ကရင်ပြည်နယ်ရှိ ကရင်တိုင်းရင်းသား ၁၀၀ တွင် KNU ဟူ၍ ဝ ဒသမ ၄၂ ဦးသာရှိနေ ကြောင်း တွေ့ရှိနိုင်ပါသည်။ ထို့ကြောင့် ကရင်တိုင်းရင်းသား ၁၀၀ တွင် KNU ဟူ၍ တစ်ဦးမျှပင်မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ယင်းလေ့လာတွေ့ရှိချက်အရ KNU အကြမ်းဖက်သောင်းကျန်းသူ များသည် ကရင်ပြည်နယ်ရှိ ကရင်တိုင်းရင်းသားများအားလည်းကောင်း၊ ပြည်ထောင်စုတစ်ဝန်းလုံးရှိ ကရင်တိုင်းရင်းသားများအား လည်းကောင်း ကိုယ်စားပြုမှု မရှိကြောင်း ပေါ်လွင်ထင်ရှားနေပါသည်။ ကရင် တိုင်းရင်းသားများကလည်း KNU တို့၏ အနောက်မျှော်ဝါဒနှင့် အကြမ်းဖက် အဖျက်လုပ်ရပ်ကို လုံးဝဥဿုံ ထောက်ခံအားပေးခြင်း မရှိကြောင်း သိသာထင်ရှားနေပါသည်။ အခြားပြည်နယ်နှင့်တိုင်းများရှိ ကရင်တိုင်းရင်းသားများကမူ KNU ကို ဖုတ်လေသည့်ငါးပိ ရှိသည် ဟူ၍ပင် မထင်ကြတော့ပါ။ သို့ရာတွင် အနောက်ဆရာကြီးများနှင့် လက်ဝေခံများကမူ ကရင်တိုင်းရင်းသားအားလုံး၏ ဝဒသမ၁ရာခိုင်နှုန်း မျှသာရှိသော KNU ကို မန်းမှုတ်ပြီး အသက်သွင်းပေးနေကြဆဲဖြစ်ပါ သည်။ ယင်းသို့ တစ်ဖက်စောင်းနင်းလုပ်နေခြင်းကို “နင်သနားတာ ငါသိပါတယ်”ဟူသော စောကြောဝေဖန်မှုဖြင့် မြန်မာတိုင်းရင်းသား ပြည်သူများက နောကျေအောင် သိထားကြပြီးဖြစ်ပါသည်။ အနောက် ဆရာကြီးများ ကြိုးဆွဲသည့်အတိုင်း လိုက်ကနေသမျှ ကာလပတ်လုံး KNUတို့မှာ လှုပ်လေမြုပ်လေ ဖြစ်နေပါတော့မည်။ KNU တို့၏ ပြည်ပအားကိုးမှုနှင့် ပြည်သူလူထုအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများ ကြောင့် ကရင်တိုင်းရင်း သားများက လုံးဝလိုလားခြင်း မရှိသကဲ့သို့ပင် ၅၄ သန်းကျော်သော တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကလည်း KNU တို့အား နှစ်မြို့ခြင်း မရှိသည်မှာ အမှန်ပင်ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် KNU တို့ ထကြွသောင်းကျန်းစဉ် တစ်လျှောက်လုံး ပြည်သူလူထုအပေါ် အတောမသတ်သည့် အကြမ်းဖက် အဖျက်လုပ်ရပ်များကို ရက်ရက်စက်စက် ကျူးလွန်ခဲ့ကြ၍ဖြစ်ပါသည်။ ပြည်တွင်းသောင်းကျန်းမှု သမိုင်းစာအုပ်တွင် သက်သေသက္ကာယ အထောက်အထားများနှင့်တကွ မှတ်တမ်းတင်ထားသည်ကို အသေးစိတ် လေ့လာ တွေ့ရှိနိုင်ပါသည်။ ၁၉၄၈-၄၉ နှစ်နှစ်အတွင်းမှာပင် KNU တို့၏ ရက်စက်ကြမ်းကြုတ်မှု၊ အကြောင်းမဲ့ သတ်ဖြတ်ဖျက်ဆီးမှု အကြိမ်ပေါင်း ၁၁၀ ရှိခဲ့ပါသည်။ ဓားပြတိုက် လုယက်မှုကြီး (၃၅)ကြိမ် ရှိခဲ့ပါသည်။ နိုင်ငံတော်ပိုင်ငွေတိုက်များကို (၁၃)ကြိမ်တိုင်တိုင် ဖောက် ထွင်းခဲ့ပါသည်။ နောက်ပိုင်း၌ ကျူးလွန်ခဲ့သည့် အကြမ်းဖက်လုပ်ရပ် များမှာ အမြောက်အမြားဖြစ်ပါသည်။ ရန်ကုန်-မန္တလေးရထားလမ်း၊ ရန်ကုန်-မော်လမြိုင်ရထားလမ်းတို့ကို အကြိမ်ကြိမ်မိုင်းထောင်ဖောက်ခွဲပြီး ခရီးသွားပြည်သူများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကျူးလွန် ခဲ့ပါသည်။ **၁၉၄၉ ခုနှစ်က KNU တို့၏ မေမြို့(ပြင်ဦးလွင်)နှင့် ဖြူးမြို့ မြို့လုံးကျွတ်သတ်ဖြတ်မှုများကို ပြန်လည်လေ့လာလျှင် နာဇီတို့ ကျူးလွန်ခဲ့သည့် လူမျိုးတုံးသတ်ဖြတ်မှုကြီးနှင့် နင်လား ငါလား ထူးမခြားနားဖြစ်နေသည်ကို ကြက်သီးထစဖွယ် တွေ့ရှိရပါလိမ့်မည်။ ဤသည်တို့မှာ ယနေ့ထက်တိုင် KNU တို့ကျူးလွန်လျက်ရှိသည့် Ethnic Cleansing လုပ်ရပ်များပင် ဖြစ်ပါတော့သည်။ သို့ရာတွင် ပြည်ပမှ အနောက်ဆရာကြီးများနှင့် လက်ပါးစေမီဒီယာတွေကတော့ လက်ငင်းလက်တွေ့ Ethnic Cleansing လုပ်နေသူသည် KNU ဖြစ်မှန်း သိလျက်နှင့် ဖုံးကွယ်ပေးထားနိုင်ရန်အတွက် တပ်မတော်ကိုသာ လက်ညှိုးထိုးစွပ်စွဲနေကြောင်း တွေ့ရှိနေရပါသည်။**

၁၉၅၃ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်က ကရင်သောင်းကျန်းသူ ဗိုလ်ရာကျော်နှင့်အဖွဲ့သည် စစ်တောင်းမှထွက်ခွာလာသော လူစီးရထား အား နောင်ကုလားရွာအနီးတွင် မိုင်းခွဲတိုက်ခိုက်ပြီး ခရီးသည်များထံမှ ပါသမျှပစ္စည်းအားလုံးကို လုယက်ယူငင်ကြသည်။ ယောကျ်ား မိန်းမ ၅၀ ခန့်ကို ပြန်ပေးဆွဲပြီး ထိုအထဲမှ အမျိုးသမီး ၂၀ ကို ဗိုလ်ရာကျော်နှင့် နောက်လိုက်များက အဓမ္မပြုကျင့်ခဲ့ကြသည်။ ကရင်သောင်းကျန်းသူ လင်းထင်၊ ဆလန်၊ ဖားလူကျော် စသူတို့သည် မိန်းမကိစ္စတွင် နာမည်ကြီးကြသည်။ လင်းထင်က တရားဝင်မိန်းမ ၄၅ ယောက်ယူ ခဲ့သည်။ ဆလန်သည် ၁၉၆၃ ခုနှစ်အကုန် တပ်မတော်က ဖမ်းဆီးရမိ သည်အထိ မိန်းမ ၁၂၀ ကျော်ယူခဲ့သည်။ ဖားလူကျော်က မိန်းမ ၁၅၀ ကျော်ယူခဲ့သည်။ ကရင်သောင်းကျန်းသူများ အဓမ္မပြုကျင့်စော်ကား ခဲ့သဖြင့် ကရင်၊ မွန်၊ ဗမာတိုင်းရင်းသူ ထောင်ပေါင်းများစွာ ဘဝပျက် ခဲ့ရသည်။ လင်းထင်အား ထိုစဉ်ကာလ သတင်းစာများက ကာမဘီလူး ချုပ်ဟု ရေးသားခဲ့ကြသည်။ **ယနေ့ကာလ ပြည်တွင်းပြည်ပအဖျက်သမား များက တပ်မတော်အပေါ် မဟုတ်မမှန် လုပ်ကြံ စွပ်စွဲနေသည့် Licensed To Rape ဆိုသည်ကို အမှန်တကယ်ကျူးလွန်နေသူမှာ KNU နှင့် အပေါင်းပါ အကြမ်းဖက်အဖျက်သမားများသာ ဖြစ်ကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။**

KNU တို့ကျူးလွန်ခဲ့သော ရက်စက်မှုအပေါင်း သရဖူဆောင်း သည့် လုပ်ရပ်အများအပြား အနက် ၁၉၅၄ ခုနှစ်မှ လုပ်ရပ်တစ်ခုကို ကြည့်ရုံဖြင့် သြချဖွယ်ကောင်းကြောင်း တွေ့ရှိနိုင်ပါသည်။ ၁၉၅၄ ခုနှစ်၌ KNU သောင်းကျန်းသူတို့သည် စစ်တောင်း-မုတ္တမရထားကို စီးနင်း တိုက်ခိုက်ပြီး တက္ကသိုလ်ကျောင်းပိတ်၍ နေရပ်သို့ပြန်ကြသည့် တက္ကသိုလ် ကျောင်းသူ ၄၀ ကျော်နှင့် အရပ်သူမိန်းမပျို ၁၅ ဦးကို အဓမ္မဖမ်းဆီး သွားခဲ့သည်။ အဆိုပါမိန်းကလေးများနှင့် မွန်ကျေးရွာအချို့မှ ဖမ်းဆီး လာသည့် မိန်းမပျိုလေးများကို KMT တရုတ်ဖြူဗိုလ်ချုပ်လောလီထံ KNU တို့က ထိုးအပ်ပြီး လက်နက်ခဲယမ်းများနှင့် လဲလှယ်ခဲ့ပါသည်။ **ယနေ့ထက်တိုင်လည်း ဤလုပ်ရပ်မျိုးကို KNU တို့က ဆက်လက် ကျူးလွန်နေဆဲဖြစ်ပါသည်။ ဤလုပ်ရပ်များကို ကြည့်ပါက ပြည်ပ ဆရာကြီးများသည် မြန်မာနိုင်ငံ၌ အကြမ်းဖက်မှု၊ လူကုန်ကူးမှုကို အမှန်တကယ် ကျူးလွန်နေသူ KNU နှင့် အပေါင်းပါများအပေါ် လက်ရှောင်နေပြီး အဘယ့်ကြောင့် တပ်မတော်အပေါ် မဟုတ်မမှန် လုပ်ကြံစွပ်စွဲနေတာလဲဟူသောအဖြေကို တွေ့ရှိနိုင်မည်ဖြစ်သည်။**

တက္ကသိုလ်ကျောင်းသူ ၄၀ ကျော်နှင့် တိုင်းရင်းသူမိန်းမပျိုလေး များသည် မြန်မာ့မြေကို ကျူးကျော်စော်ကားသူ KMT တရုတ်ဖြူတို့၏ လက်ထဲတွင် KNU သောင်းကျန်းသူတို့၏ ဝကွက်အပ်နှံမှုကြောင့် ဘဝပျက်ခဲ့ကြရပါသည်၊ အညွန့်ကျိုးခဲ့ကြရပါသည်။ နောက်ပိုင်း၌လည်း KNU တို့က မြို့ပြများအထိ ဖောက်ခွဲဖျက်ဆီးရေးသမားများ စေလွှတ်ပြီး ပြည်သူတို့၏ဘဝ လုံခြုံမှုမရှိအောင် အကြမ်းဖက်ဖောက်ခွဲမှု များကို အကြိမ်ကြိမ်ကျူးလွန်ခဲ့ကြသည်။ မြို့များ၊ ရွာများကို ဝင်ရောက်တိုက်ခိုက် မီးရှို့ဖျက်ဆီးမှုပေါင်း ရာနှင့်ချီ၍ ကျူးလွန်ခဲ့ကြသည်။

၁၉၈၈ ခုနှစ် မတ်လ၌ ကျိုက်ထီးရိုးဘုရားရင်ပြင်တော်ကို KNU တို့ ဝင်ရောက်ပစ်ခတ် တိုက်ခိုက်ဖျက်ဆီးပြီး အများပြည်သူတို့၏ လှူဒါန်းထားသောငွေများကို လုယက်ယူငင်သွားခဲ့သည်။ ဘုရားဖူးရဟန်း ရှင်လူပြည်သူများ မရှုမလှ သေကျေဒဏ်ရာရရှိခဲ့ကြပါသည်။ ၁၉၉၀ ပြည့်နှစ် မတ်လ၌လည်း ဆံတော်ရာဘုရားပွဲလာ ပရိသတ်ထဲကို ဝင်ရောက်ပစ်ခတ်ပြီး အလှူငွေနှင့်ပစ္စည်းများကို လုယက်ယူငင်သွားပါ သည်။ ခရီးသည်တင်ကားများ၊ ရေယာဉ်များကို ပစ်ခတ်လုယက်သည့် အကြိမ်ပေါင်းမြောက်မြားစွာရှိပါသည်။ ၃-၂-၉၁ ရက်နေ့၌ ထားဝယ် မြို့မှ သရက်ချောင်းမြို့သို့ ကြွချီလာသည့် နိုင်ငံတော် သံဃမဟာနာယက အကျိုးတော်ဆောင် မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ အမှူးပြုသည့် သာသနာပြုယာဉ်တန်းကို KNU သောင်းကျန်းသူများက စောင့်ကြို၍ မိုင်းခွဲတိုက်ခိုက်လုပ်ကြံခဲ့ရာ ငါးဦးဒဏ်ရာရပြီး မော်တော် ယာဉ်တစ်စီး ပျက်စီးသွားခဲ့သည်။ ဆရာတော်ကြီးမှာ အန္တရာယ်မှ လွတ်ကင်းခဲ့ပါသည်။

ထိုမျှမကသေးပါ။ ၁၀-၅-၈၉ ရက်နေ့၌ အလံတစ်ရာဆရာတော် ကြီး၏ ပုံတူရုပ်တုကို သယ်ဆောင်ရန် သထုံ-ဘားအံ-လှိုင်းဘွဲခရီးစဉ် အတိုင်း သံဃာတော်များ၊ ယောဂီများ၊ ပိတ်ဖြူစင်ကြယ်ဝတ် ဥပါသကာများ လိုက်ပါလာသည့် သာသနာပြုယာဉ်တန်းကို KNU တို့က ကြာအင်းကျေးရွာအနီး၌ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ပြီး မော်တော်ယာဉ်များကို မီးရှို့ဖျက်ဆီးခဲ့ကြပါသည်။ သာသနာရေးဆိုင်ရာ လုပ်ငန်းများအတွက် ပေါ်လွင်ထင်ရှားစွာ အခမ်းအနားအစီအစဉ်ဖြင့် ခရီးနှင်လာသော ယာဉ်တန်းကို တမင်ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်၍ သံဃာတော်၊ ယောဂီနှင့်ဥပါသကာအချို့ သေကျေဒဏ်ရာရရှိခဲ့ကြပါသည်။

KNU တို့၏ ရက်စက်ကြမ်းကြုတ်သော အဆိုပါ အကြမ်းဖက် အဖျက်လုပ်ရပ်များမှာ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အတွက် ခါးသီးနာကြည်းဖွယ်ရာများပင် ဖြစ်ပါသည်။ ဤခါးသီး နာကြည်းဖွယ်ရာများကို နိုင်ငံတော်အစိုးရက အတိတ်ကို အတိတ်မှာ ထားပြီး တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးအား အလေးထားရှေးရှုကာ KNU တို့အတွက် ငြိမ်းချမ်းရေးတံခါးကို ကာလရှည်လျားစွာ ဖွင့်လှစ် ပေးထားခဲ့ခြင်း ဖြစ်ပါသည်။

သို့ရာတွင် KNU တို့က နိုင်ငံတော်၏ ငြိမ်းချမ်းရေး တည် ဆောက်မှုကို အခွင့်ကောင်းယူပြီး မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် နည်းဖြင့် အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်လှည့်စား လုပ်ဆောင်လာ ခဲ့ခြင်း ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူတို့၏ အသက်သွေးများကို စတေးပြီး ဒုက္ခသည်စခန်းဗန်းပြကာ နိုင်ငံတကာကိုပါ လိမ်ညာလှည့်စား လာပါသည်။ အကြမ်းဖက်အဖျက်လုပ်ရပ်များဖြင့် မြေအောက်တိုက်ကွက် ဆင်ပြီး ပြည်ပအားကိုးဖြင့် မြေပေါ်တိုက်ကွက်ဆင်ကာ နိုင်ငံရေးအမြတ် ထုတ်နေပါသည်။

KNU အကြမ်းဖက်သောင်းကျန်းသူများကို ကြားခံထားပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံရေးကစား လိုသော ပြည်ပမှ အနောက်ဆရာကြီး များနှင့် လက်ဝေခံများကလည်း ၎င်းတို့ချမှတ်ထားသော မဟာဗျူဟာ အတိုင်း KNU လုပ်သမျှဟုတ်သပဟု အားပေးထောက်ခံနေကြသည်မှာ စိတ် မချမ်းမြေ့ဖွယ် ကောင်းလှပါသည်။ KNU နှင့် အပေါင်းပါများ၊ ပြည်ပြေးများ နယ်စပ်မှာရှိနေမှ မြန်မာနိုင်ငံအပေါ် မဟုတ်မမှန်လုပ်ကြံ စွပ်စွဲနိုင်မည်ဖြစ်၍ KNU နှင့်အပေါင်းပါ အကြမ်းဖက်အဖျက်သမား များအား အနောက်ဆရာကြီးများက တစ်ဖက်လှည့်ဖြင့် လက်သပ် မွေးထားခြင်းသာ ဖြစ်ပါတော့သည်။

ကရင်တိုင်းရင်းသား ၁၀၀ တွင် အရေအတွက်အရ တစ်ဦးပင် မရှိသော ကရင်တိုင်းရင်းသားများအား မူဝါဒအရရော၊ လက်တွေ့ လုပ်ဆောင်ချက်ပါ လုံးဝကိုယ်စားပြုခြင်းမရှိသော လက်တစ်ဆုပ်စာ KNU အကြမ်းဖက်သောင်းကျန်းသူများဘက်မှ အနောက်ဆရာကြီး များက တစ်ဖက်သတ် ဘက်လိုက်နေခြင်းသည် ကရင်တိုင်းရင်းသားများ အကျိုးကို လိုလား၍မဟုတ်ကြောင်း ပေါ်လွင်ထင်ရှားနေပါသည်။ မြန်မာ နိုင်ငံနှင့် မြန်မာတိုင်းရင်းသားများအကျိုးကို လိုလား၍မဟုတ်ကြောင်း သိသာ ထင်ရှားလှပါသည်။ ပြည်ပ ဆရာကြီးများက KNU များကို လက်သပ်မွေးမြူထားခြင်းသည် ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးအတွက် မဟုတ်ဘဲ ၎င်းတို့၏ အကျိုးစီးပွားသက်သက်၊ နိုင်ငံရေးကစားလိုမှု အတွက်သာဖြစ်ကြောင်း ထင်သာမြင်သာရှိနေပါသည်။ ပြည်ပမှအနောက် ဆရာကြီးများ၏ အမှန်တရားကိုဖုံးကွယ်လှည့်စားပြီး KNUနှင့် အပေါင်း ပါများအပေါ် မျက်လုံးစုံမှိတ် ဘက်လိုက်နေခြင်းသည် နိုင်ငံရေးကစားကာ မြန်မာနိုင်ငံ၌ ၎င်းတို့ ဩဇာခံ ရုပ်သေး အစိုးရတင်ပြီး ကြိုးဆွဲလို၍သာ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ထွန်းကားရေးနှင့် လူ့အခွင့် အရေးအတွက် မဟုတ်မှုဘဲ ၎င်းတို့၏ နိုင်ငံရေး၊ စစ်ရေး၊ အမြတ် ထုတ်မှု၌ မြန်မာနိုင်ငံကို စတေးလို၍ဖြစ်ကြောင်း သိသာလှပါသည်။

ထိုမျှသော ကျွန်တော်တို့၏လေ့လာတွေ့ရှိချက်များအရပင် KNU ဟာ တကယ်တော့ ......ဟူသောအဖြေကို တွေ့မြင်နိုင်ကြမည်ဟု ယူဆမိပါသည်။

KNU ဟာ တကယ်တော့ ပြည်ပဆရာကြီးများ၏ ကြိုးဆွဲရာ လိုက်ကနေရသည့် ဒေါ်လာစား၊ ကြေးစား ရုပ်သေးရုပ် လက်တစ်ဆုပ် စာသာ ဖြစ်ပါသည်။ ကရင်တိုင်းရင်းသားများအပါအဝင် ပြည်သူလူထု အပေါ် အကြမ်းဖက်ဖောက်ခွဲ တိုက်ခိုက်ဖျက်ဆီးမှု၊ အစုလိုက်အပြုံ လိုက်သတ်ဖြတ်မှု၊ အဓမ္မပြုကျင့်မှု၊ လူကုန်ကူးမှုနှင့် ကလေးသူငယ်များကို အဓမ္မလူသစ်စုဆောင်းမှု ကျူးလွန်နေသူများသာ ဖြစ်ပါသည်။ ဒုက္ခသည် စခန်းဗန်းပြပြီး နိုင်ငံရေးအမြတ်ထုတ်နိုင်ရေးအတွက် ဒေသခံတိုင်းရင်း သားများအား အတင်းအဓမ္မ ရွှေ့ပြောင်းခိုင်းနေသူများသာ ဖြစ်ပါသည်။ အနောက်မျှော်ဝါဒဖြင့် ပြည်ပအားကိုးပြီး အမျိုးသားရေးကို သစ္စာဖောက် နေသူများသာဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်မှု နှောင့်နှေးပျက်ပြားအောင်၊ မြန်မာပြည်သူများ၏ လူ့အခွင့်အရေးနှင့် လူမှုစီးပွားရေး နိမ့်ပါးယုတ်လျော့အောင် အနောက်ဆရာကြီးများ၏ ဟန့်တားပိတ်ဆို့မှု၊ လုပ်ကြံစွပ်စွဲ ဖိအားပေးမှုများတွင် လိုက်ပါအသုံး တော်ခံ နေသူများသာ ဖြစ်ပါသည်။ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး လိုလားတောင့်တသည့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် ဖြစ်ပေါ်ရေး ရည်မှန်းချက်ကို အနောက်ဆရာကြီးများ၏ အားပေးမြှောက်ပင့်မှုဖြင့် ဖျက်လိုဖျက်ဆီး လုပ်နေသူများသာ ဖြစ်သည် ဟူသော ကျွန်တော်တို့၏ လေ့လာတွေ့ရှိချက်များကို ရေးသားတင်ပြ လိုက်ရပါသည်။ ။

အမျိုးသမီးစက်ချုပ်သင်တန်းဆင်း

ရန်ကုန် မေ ၃၀

လူမှုဝန်ထမ်းဦးစီးဌာနနှင့် Total Exploration and Production Myanmar(TEPM)တို့ ပူးပေါင်းဖွင့်လှစ်သော အမျိုးသမီးစက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက မရမ်းကုန်းမြို့နယ် မလိခလမ်းရှိ အမျိုးသမီးကလေးများသင်တန်းကျောင်းတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်နှင့်(TEPM) လူမှုစီးပွားဌာနမှ ဒေါက်တာအောင်ဌေးတို့က အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ဒုတိယညွှန်ကြားရေးမှူးချုပ် **(အောက်ပုံ)**က လည်းကောင်း၊ သင်တန်းထူးချွန်ဆုများကိုဒေါက်တာအောင်ဌေးက လည်းကောင်း ချီးမြှင့်ပေးသည်။

သင်တန်းမှလေ့ကျင့်ချုပ်လုပ်သည့် အမျိုးသားဝတ်အင်္ကျီ၊ အမျိုးသမီးဝတ်အင်္ကျီနှင့် ဘောင်းဘီ စုစုပေါင်း ၄၄၆ ထည်ကို ဒဂုံဆိပ်ကမ်း မြို့နယ် သီလရှင်သင်ပညာရေး ကျောင်းနှင့် ကျောက်တန်းမြို့နယ် ကမာစွဲ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာများသို့ လှူဒါန်းသည်။

အဆိုပါ သင်တန်းကို အခြေခံ၊ အဆင့်မြင့်နှင့် နွေရာသီသင်တန်းများအဖြစ် ဖွင့်လှစ်ရာ အမျိုးသမီးကလေးများ သင်တန်းကျောင်းမှ ကျောင်းသူ ၃၂ဦး တက်ရောက်ကြသည်။

(လူမှုဝန်ထမ်း)

ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ ငါးဖမ်းဆီးခြင်းမပြုလုပ်ကြရန် ငါးဖမ်းကွက်များထုတ်ပြန်ကြေညာ

ရန်ကုန် မေ ၃၀

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်း ရေပြင်အတွင်းရှိ ငါး/ပုစွန် သယံဇာတများ မျိုးမပြုန်းတီးစေရေးအတွက် ထိန်းသိမ်းရန်အလို့ငှာ ငါး/ပုစွန်များ မျိုးပေါက်ပွားချိန်ဖြစ်သော ၂၀၀၆ခုနှစ် ဇွန်၁ရက်မှ ၂၀၀၆ ခုနှစ် ဩဂုတ် ၃၁ ရက်အထိ အောက်ပါ တည်နေရာများအတွင်း ကမ်းနီး၊ကမ်းဝေး ငါးဖမ်းရေယာဉ်များအနေဖြင့် ငါးဖမ်းဆီးခြင်းမပြုလုပ်ကြရန်ကို ညွှန်ကြားချက်အမှတ် (၂/၂၀၀၆) ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ ငါးမဖမ်းဆီးရန် တားမြစ်ထားသည့် နေရာမှာ–

ရခိုင်ငါးဖမ်းကွက်

မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၀၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၀ မိနစ်အတွင်း (ငါးဖမ်းကွက်အမှတ် အေ–၂၀)ရှိ ငါးလုပ်ငန်းရေပြင်။

ဧရာဝတီငါးဖမ်းကွက်

မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၀ မိနစ်မှ အရှေ့လောင်ဂျီတွင် ၉၅ ဒီဂရီ ၀၀ မိနစ် အတွင်းတွင် (ငါးဖမ်းကွက်အမှတ် ဘီ–၁၅၊ ဘီ–၂၀) (ငါးဖမ်းကွက် အမှတ်စီ–၃နှင့် စီ–၄တွင် ကမ်းခြေမှ ၁၀မိုင် ကမ်းနီး ဒေသအတွင်း)ရှိ ငါးလုပ်ငန်းရေပြင်။

မွန်နှင့် တနင်္သာရီငါးဖမ်းကွက်

မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၃၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၀ မိနစ်အတွင်းတွင် (ငါးဖမ်းကွက်အမှတ် ဒီ–၂၃၊ ဒီ–၂၈တွင် မြောက်မော့စကော့ကျွန်းနှင့် အလယ်မော့စကော့ကျွန်းကို ဆက်သွယ်သော မျဉ်းဖြောင့်၏ အရှေ့ဘက်)ရှိ ငါးလုပ်ငန်းရေပြင်။

မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၀၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၃၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၀ မိနစ်အတွင်းတွင် (ငါးဖမ်းကွက်အမှတ် အီး–၁၁၊ အီး–၁၇)ရှိ ငါးလုပ်ငန်းရေပြင်။

သို့ဖြစ်ပါ၍ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များအနေဖြင့် ငါး/ပုစွန်များ မျိုးပေါက်ပွားချိန်အတွင်း ဖော်ပြပါတည်နေရာများ၌ ငါးဖမ်းဆီးခြင်းမပြုလုပ်ကြပါရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။

(သတင်းစဉ်)

✡ ကျောဖုံးမှ

ဒေသတွင်း နိုင်ငံများက (၅၉)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံတွင် တင်ပြဆွေးနွေးမည့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ပါဝင်ဆွေးနွေးခဲ့သည်။

ဝန်ကြီး ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၂ ရက်တွင် ကျင်းပသော (၅၉)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားတွင် သဘာပတိ မိုဇမ်ဘစ်နိုင်ငံ ကျန်းမာရေးဝန်ကြီး H.E. Professor Paulo Ivo Garridoက အဖွင့်မိန့်ခွန်း ပြောကြား၍ ညီလာခံကို ဖွင့်လှစ်ပေးခဲ့သည်။

တက်ရောက်

ထို့နောက် ဝန်ကြီးသည် ကော်မတီ(အေ) အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဘာသာရပ်အလိုက်ဆွေးနွေးမှုများတွင် ပါဝင်တက်ရောက်ခဲ့သည်။

ဝန်ကြီးသည် မေ၂၃ ရက် နံနက်ပိုင်းတွင် (၅၉)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေး ညီလာခံ၌ မိန့်ခွန်းပြောကြားခဲ့သည်။ ဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံသည် ကုလသမဂ္ဂ ထောင်စုနှစ် ဖွံ့ဖြိုးမှုပန်းတိုင်များ (Millennium Development Goals) ပြည့်မီစေရန် ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ် ကမ္ဘာ့ကျန်းမာရေး ညီလာခံ၏ ဦးတည်ချက်ဖြစ်သော (Working Together for Health) အတိုင်း ကြိုးပမ်းဆောင်ရွက်မှုများကို အပြည့်အဝ ထောက်ခံပါကြောင်း၊ ၂၀၀၆ ခုနှစ်အတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင် နိုင်ငံအချို့၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်မှု တွေ့ကြုံခဲ့ရကြောင်း၊ သို့ရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ကျွမ်းကျင်မှုအကူအညီနှင့် ထိရောက်စွာ စီမံခန့်ခွဲမှုကြောင့် ကြက်ငှက်တုပ်ကွေးရောဂါကို ထိန်းချုပ်မှုရရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုမှာ ၂၀၀၆ ခုနှစ် မတ်လတွင် ဖြစ်ပွားခဲ့သော်လည်း လူတွင်ကူးစက်ခြင်းမရှိခဲ့ကြောင်း၊ နိုင်ငံတော်အနေဖြင့် ကြက်ငှက်တုပ်ကွေးရောဂါကို အောင်မြင်စွာ ထိန်းချုပ်နိုင်ခဲ့ကြောင်း၊ National Avian Influenza Prevention and Pandemic Preparedness Plan ကိုရေးဆွဲပြီး အကောင်အထည်ဖော်လျက် ရှိကြောင်း၊ ရောဂါဖြစ်ပွားမှု စုံစမ်းထောက်လှမ်းခြင်းနှင့် လူသို့ ရောဂါကူးစက်ဖြစ်ပွားလာပါက ထိရောက်စွာ ကုသမှုပေးနိုင်ရန် ကြိုတင်စီစဉ် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရောဂါဖြစ်ပွားလာပါက ဆောင်ရွက်မည့် အစီအမံများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားပြီး ဖြစ်ကြောင်း၊ နိုင်ငံတကာ ကျန်းမာရေးဆိုင်ရာပြဋ္ဌာန်းချက်များ (International Health Regulation)ကို မြန်မာနိုင်ငံက အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကြက်ငှက်တုပ်ကွေးရောဂါ၊ ကူးစက် မြန်ပြင်းထန် နမိုးနီးယား (အဆုတ်ရောင်)ရောဂါနှင့် အခြားကူးစက်ရောဂါများကို တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ကူးလူးဆက်ဆံခြင်းကြောင့် ကူးစက်ပြန့်ပွားမှုမရှိစေရန် လေဆိပ်၊ ရေဆိပ်နှင့် နယ်စပ်ဂိတ်များ၌ စုံစမ်းထောက်လှမ်းမှုများကို ဆောင်ရွက်လျက်ရှိ ကြောင်း၊ မြန်မာနိုင်ငံ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများတွင် ကျန်းမာရေးဝန်ကြီးဌာန၊ နီးနွယ်ဝန်ကြီးဌာနများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂခုခံအား ကျဆင်းမှု ရောဂါတိုက်ဖျက်ရေးအစီအစဉ် (UNAIDS)တို့ ပူးပေါင်း၍ National Strategic Plan for HIV/AIDS(2006-2011)ကို ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးဌာနတစ်ခုတည်းသာမက အခြားနီးနွယ်ဌာနများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့အစည်းများ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက ထိရောက်မှုရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ကျန်းမာရေးကဏ္ဍ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးလုပ်ငန်းများတွင် အဓိကပါဝင်ဆောင်ရွက်မည့် ဆရာဝန်၊ သူနာပြု၊ ကျွမ်းကျင်ဝန်ထမ်းများ၏ အရည်အသွေးပိုမိုပြည့်ဝစေရန် အရေးကြီးပါကြောင်း၊ ပြည်သူ့ကျန်းမာရေး တက္ကသိုလ် (Public Health School)ကို မကြာမီဖွင့်လှစ်နိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဦးတည်ချက်များ ပြည့်မီစေရန် ပြည်တွင်းပြည်ပ စွမ်းအားစုများစုစည်း၍ စနစ်တကျ စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

ဝန်ကြီးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၄ ရက်တွင် ကမ္ဘာ့ကျန်းမာရေးညီလာခံနှင့် ကော်မတီ(အေ)နှင့် ကော်မတီ(ဘီ) အစည်းအဝေးများသို့ ပါဝင်တက်ရောက်ခဲ့သည်။

မေ ၂၅ ရက်က ကျင်းပသော ကော်မတီ(အေ) အစည်းအဝေး၌ မျက်မမြင်နှင့် မျက်ခမ်းစပ်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်း၊ ကလေးငယ်များ၏ အာဟာရဖွံ့ဖြိုးရေး အစီအစဉ်နှင့် လူငယ်လူရွယ်များအတွင်း ကျန်းမာရေးအသိပညာ ပိုမိုမြှင့်တင်ရေးလုပ်ငန်းများကို လည်းကောင်း၊ ကော်မတီ(ဘီ)အစည်းအဝေး၌ ကမ္ဘာ့ ကျန်းမာရေး အဖွဲ့ဝင်နိုင်ငံများ၏ ၂၀၀၆–၂၀၁၅ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျန်းမာရေးလုပ်ငန်းစီမံချက်များကို ဆွေးနွေးခဲ့ရာ ဝန်ကြီးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

အတည်ပြုမှတ်တမ်းတင်

မေ၂၆ရက်တွင် (၅၉)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံကို ဆက်လက်ကျင်းပရာ ဝန်ကြီး ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ပြီး ကော်မတီ(အေ)နှင့် ကော်မတီ(ဘီ)အစည်းအဝေးမှ ဆွေးနွေးဆုံးဖြတ်ချက်များကို ညီလာခံသဘာပတိကအတည်ပြုမှတ်တမ်းတင်သည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် နိုင်ငံတကာအနာကြီးရောဂါပပျောက်ရေးဆိုင်ရာ နီးနှောဖလှယ်ပွဲသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့ရာတွင် မြန်မာနိုင်ငံသည် ၂၀၀၃ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် အနာကြီးရောဂါ ပပျောက်သော နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အတိအလင်းကြေညာခဲ့ပြီးဖြစ်ပါကြောင်း၊ အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် အမျိုးသားကျန်းမာရေးကော်မတီတို့ဦးဆောင်မှုနှင့်အညီ နိုင်ငံတစ်ဝန်းလုံး၌ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကြောင့် ယခုကဲ့သို့ အသိအမှတ်ပြုခြင်းခံခဲ့ရကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဂျပန်နိုင်ငံ Sasakawa Memorial Health Foundationကဲ့သို့သော အဖွဲ့အစည်းများက ဆေးဝါးများနှင့် ကျွမ်းကျင်မှုအကူအညီများ ရရှိခဲ့ပြီး ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အနာကြီးရောဂါပပျောက်ကင်းစင်သော နိုင်ငံအဖြစ် ရောက်ရှိခဲ့ပါကြောင်း၊ ဆက်လက်၍ အနာကြီးရောဂါသည်များအား စုံစမ်းထောက်လှမ်းခြင်းနှင့် ကုသရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဝန်ကြီးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၇ရက် မွန်းလွဲပိုင်းတွင် ကျင်းပသော (၅၉)ကြိမ်မြောက် ကမ္ဘာ့ ကျန်းမာရေးညီလာခံ ပိတ်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ရာ သဘာပတိ မိုဇမ်ဘစ်နိုင်ငံ ကျန်းမာရေး ဝန်ကြီးက နိဂုံးချုပ်မိန့်ခွန်းပြောကြားပြီး ညီလာခံအောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ညှိနှိုင်းဆွေးနွေး

ဝန်ကြီးသည် ဂျီနီဗာမြို့၌ ရောက်ရှိနေစဉ် မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီး H.E. Dr. Chua Soi Leti နှင့်လည်းကောင်း၊ ဘူတန်နိုင်ငံ ကျန်းမာရေးဝန်ကြီး H.E. Mr. L.S. Singay နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

ထို့အပြင် ဝန်ကြီးသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plienbung Chang၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ ကိုယ်စားလှယ်များ ဖြစ်ကြသော Dr. Tomris Turmen နှင့် Dr. David Heymann၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် တီဘီရောဂါ တိုက်ဖျက်ရေး ညွှန်ကြားရေးမှူး Dr. Mario Raviglione၊ တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးရေးအစီအစဉ် ညွှန်ကြားရေးမှူး Dr.Xiaorui Zhang၊ အပူပိုင်းဒေသ ရောဂါများတိုက်ဖျက်ရေးဌာန အဖွဲ့ခေါင်းဆောင်၊ Dr. Denis Daumerie၊ ဂျပန်နိုင်ငံ Sasakawa Foundation ဥက္ကဋ္ဌ Mr. Yohei Sasakawa၊ နိုင်ငံတကာ တိုးချဲ့ ကာကွယ်ဆေးထိုး လုပ်ငန်းရန်ပုံငွေအဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူး Dr. Jalian Lob Levyt၊ ဂျီနီဗာမြို့ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ Delegate-General Mr. Reto Meistoတို့နှင့်လည်း သီးခြားစီတွေ့ဆုံ၍ မြန်မာနိုင်ငံ ကျန်းမာရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

ကြိုဆိုနှုတ်ဆက်

ဝန်ကြီးဒေါက်တာကျော်မြင့်သည် (၅၉)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေး ညီလာခံသို့ တက်ရောက်ခဲ့ပြီး မေ ၂၉ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ကျန်းမာရေး ဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ရန်ကုန်မြို့ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor Adik Wibowo နှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်၊ ဆေးသိပ္ပံပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းမြင့်၊ ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း စီမံချက်မန်နေဂျာ ဒေါက်တာသန်းထိန်ဝင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (နိုင်ငံခြားဆက်သွယ်ရေး)ဦးသက်လွင်တို့ ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင်ကျင်းပသည့် (၅၉)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံသို့ တက်ရောက်ခဲ့စဉ်။ (သတင်းစဉ်)

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် လူငယ်ဘောလုံးသမားများ ဖီဖာ၏ အကောင်းဆုံးဘောလုံးသမားဆု မည်သူဆွတ်ခူးမည်လဲ

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ကမ္ဘာ့ဖလား သတင်းဂယက်

ဘာလင် မေ ၃၀

ကမ္ဘာ့ဖလား ဘောလုံးပွဲသမိုင်း၌ အသက်အငယ်ဆုံးနှင့် ခြေစွမ်းအပြနိုင်ဆုံးဘောလုံးသမားများ ပေါ်ထွက်ခဲ့ရာ ၁၉၅၈ခုနှစ်မှ ပြီးခဲ့သည့် ၂၀၀၂ခုနှစ်အထိ ကမ္ဘာ့ဖလားပွဲစဉ်များ၌ ခြေစွမ်းပြခဲ့သော အသက်အငယ်ဆုံးဘောလုံးသမားများနှင့် ယခု ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ စတင်ဆုချီးမြှင့်မည့် အသက်အငယ်ဆုံးနှင့် ခြေစွမ်းအပြနိုင်ဆုံး လူငယ် ဘောလုံးသမားများကို မြန်မာ့အလင်း ဘောလုံးဝါသနာအိုးများအတွက် အင်တာနက်မှ ကိုးကားဖော်ပြလိုက်ပါသည်။

ပီလီ

၁၉၅၈ ခုနှစ် ကမ္ဘာ့ ဖလား ပွဲ၌ အသက် အငယ်ဆုံး နှင့် အကောင်းဆုံး ဘောလုံးသမား ဖြစ်သည့် ပီလီ။ (ဓာတ်ပုံ- အင်တာနက်)



ပီလီ

၁၉၅၈ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အသက်အငယ်ဆုံးဘောလုံးသမားအဖြစ် ပါဝင်ကစားခဲ့ပြီး ပွဲတိုင်း ခြေစွမ်းပြနိုင်ခဲ့သူဖြစ်သည်။ အသက်ငယ်ရွယ်သော်လည်း ပီလီကို တစ်ဖက်အသင်းနောက်တန်းခံစစ်မှူးများ မထိန်းနိုင်ခဲ့ချေ။ ဘောလုံးမှော်အတတ်ကို ပိုင်ဆိုင်သူအဖြစ် ဘောလုံးသမားတိုင်း အသိအမှတ်ပြုထားရသူဖြစ်ရာ ပီလီကြောင့် ဘရာဇီးအသင်းလည်း ကမ္ဘာကျော်ခဲ့သည်။ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမား ၁၀၀ တွင် ထိပ်ဆုံးမှ စာရင်းသွင်းခံရသူဖြစ်ပြီး ရာစုနှစ် အကောင်းဆုံးဘောလုံးသမားဆုကိုလည်း ရရှိခဲ့သူဖြစ်သည်။

ဖရန့်ဇ်ဘက်ကင်ဘောင်ဝါ

၁၉၆၆ ခုနှစ် ကမ္ဘာ့ဖလား၌ ဂျာမနီအသင်းမှ ပါဝင်ကစားခဲ့သော အသက်အငယ်ဆုံး ဘောလုံးသမားတစ်ဦးဖြစ်သည်။ ၁၉၆၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များ၌ ဂျာမနီအသင်းအတွက် အကောင်းဆုံးခြေစွမ်းများ ပြနိုင်ခဲ့ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ၁၉၆၆ခုနှစ် ကမ္ဘာ့အသက်အငယ်ဆုံးနှင့် ခြေစွမ်းအပြနိုင်ဆုံးဘောလုံးသမားအဖြစ် အသိအမှတ်ပြုခဲ့သည်။ ဘက်ကင်ဘောင်ဝါသည် ဂျာမနီနိုင်ငံသမိုင်း၌ အတော်ဆုံး ဘောလုံးသမားတစ်ဦးအဖြစ် အသိအမှတ်ပြုစာရင်းသွင်းထားရသူဖြစ်သည်။



မာ့အိုဗားမားစ်

၁၉၉၄ ခုနှစ် ကမ္ဘာ့ ဖလား ပွဲ၌ အသက် အငယ်ဆုံး ဘောလုံးသမား အဖြစ် ပါဝင်ဆင်နွှဲခဲ့သူ နယ်သာလန်အသင်းမှ မာ့အိုဗားမားစ်။ (ဓာတ်ပုံ- အင်တာနက်)

မာ့အိုဗားမားစ်

၁၉၉၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ နယ်သာလန်အသင်းမှ ပါဝင်ကစားခဲ့သူဖြစ်ပြီး ဘောလုံးအထိန်းအသိမ်း ကျွမ်းကျင်မှု၊ လျင်မြန်မှု၊ ဘောလုံးပေးပို့ရာ၌ တိကျမှုတို့သည် အိုဗားမားစ်၏စွမ်းရည်များပင်ဖြစ်သည်။ အထူးသဖြင့် ဘယ်ခြေသန်သူဖြစ်ရာ ဖြတ်တင်ဘောများတိကျမှုကြောင့် မိမိကစားဖော်များ ဂိုးသွင်းနိုင်အောင် ဖန်တီးပေးတတ်သလို ကိုယ်တိုင်လည်း ဂိုးသွင်းစွမ်းရည်ထက်မြက်သူဖြစ်သည်။ ၁၉၉၄ ခုနှစ် ကမ္ဘာ့ဖလား၌ အသက်အငယ်ဆုံးနှင့် ခြေစွမ်းအပြနိုင်ဆုံး ဘောလုံးသမားဖြစ်ခဲ့သည်။

၂၀၀၆ကမ္ဘာ့ဖလား၌ စောင့်ကြည့်ရမည့်လူငယ်ကစားသမားများ

မကြာမီ ကျင်းပတော့မည့် ၂၀၀၆ခုနှစ် ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ နိုင်ငံ့ကိုယ်စားပြုအသင်းများမှ ပါဝင်ကစားကြမည့် လူငယ်ဘောလုံးသမား ၄၀ကို ကမ္ဘာ့ဖလားဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ရွေးထုတ်ထားလိုက်ပြီဖြစ်ရာ ၄င်းလူငယ်ကစားသမားများအနက် အသက်ငယ်ဆုံးမှာ အင်္ဂလန်အသင်းမှ ဝေါကော့တ်ဖြစ်သည်။

ဝေါကော့တ်

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလားပွဲစဉ်၌ အသက်အငယ်ဆုံးဖြစ်ပြီး သူ့အား အင်္ဂလန်အသင်း၌ ရွေးချယ်လိုက်ခြင်းဖြင့် နာမည်ကြီးလာသူဖြစ်သည်။ ၁၉၈၉ ခုနှစ် မတ် ၁၆ ရက်၌မွေးဖွားသူဖြစ်ရာ အသက် ၁၇ နှစ်သာရှိသေးသူဖြစ်သည်။ လက်ရှိအာဆင်နယ်အသင်းတွင် ကစားရန်ခေါ်ယူထားပြီး အင်္ဂလန်အသင်းတိုက်စစ်မှူးအဖြစ် နည်းပြအဲရစ်ဆင်ကရွေးချယ်လိုက်ခြင်းဖြစ်သည်။ နာမည်အပြည့်အစုံမှာ သီရိုဝေါကော့တ်ဖြစ်ပြီး ယခု ကမ္ဘာ့ဖလားပွဲ၌ ခြေစွမ်းပြနိုင်မှု အနေအထားကို ကမ္ဘာ့ဘောလုံးပရိသတ်ကြီး တွေ့မြင်ရမည်ဖြစ်သည်။

ဝေါကော့တ်

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံး ပြိုင်ပွဲဝင် အင်္ဂလန် အသင်းမှ အသက် အငယ်ဆုံးဘောလုံး သမား ဝေါကော့တ် (အသက် ၁၇နှစ်)။ (ဓာတ်ပုံ- အင်တာနက်)

ဂိုင်လာမိုအိုချီရာ

၂၀၀၆ ကမ္ဘာ့ဖလားပွဲ၌ မက္ကဆီကိုနိုင်ငံအသင်းတွင် ပါဝင်ကစားမည့်သူဖြစ်သည်။ ၁၉၈၅ခုနှစ် ဇူလိုင်လ ၁၃ ရက်တွင် မွေးဖွားသူဖြစ်ရာ အသက် ၂၁ နှစ်ရှိသူဖြစ်သည်။ မက္ကဆီကိုအသင်းအတွက် ဂိုးသမားအဖြစ်တာဝန်ယူကစားမည်ဖြစ်ရာ နိုင်ငံတကာပွဲများအဖြစ် မက္ကဆီကိုအသင်းအတွက် ပွဲ ၂၀ခန့် ကစားခဲ့ပြီးဖြစ်သည်။ လျင်မြန်မှု၊ တည်ငြိမ်မှု၊ ဘောလုံးဖမ်းရာတွင် သေသပ်မှုတို့က သူ့မတူအောင် ကျွမ်းကျင်သူဖြစ်သည်။ လက်ရှိတွင် မက္ကဆီကို နိုင်ငံအမေရိက ကလပ်အသင်း၌ ကစားနေပြီး သူ၏ ဂိုးဖမ်းစွမ်းရည်များကြောင့် ကလပ်အသင်း အများအပြားက စိတ်ဝင်စားခြင်းခံနေရသူဖြစ်သည်။

ဆာရိုင်ရီရာမို့စ်

ကမ္ဘာ့ဖလားဘောလုံးပွဲတွင် စပိန်အသင်း၌ ပါဝင်ကစားမည့်သူဖြစ်သည်။ ၁၉၈၆ ခုနှစ် မတ် ၃၀ရက်တွင်မွေးဖွားသူဖြစ်ရာ အသက် ၂၀ သာရှိသေးသူဖြစ်ပြီး စပိန်အသင်း၌လည်း အသက်အငယ်ဆုံး ဂိုးသမားတစ်ဦးအဖြစ် သမိုင်းမှတ်တမ်းဝင်မည့်သူ ဖြစ်သည်။ ယခုအချိန်၌ နာမည်ကျော်ရီးယဲမက်ဒရစ်အသင်းတွင် အရန်ဂိုးသမားအဖြစ် ပါဝင်ကစားနေပြီး ၁၆ နှစ်သားအရွယ် ၂၀၀၂ ခုနှစ် ကိုရီးယား-ဂျပန် ကမ္ဘာ့ဖလားပွဲ၌ စပိန်အသင်းအတွက် အရန်ဂိုးသမားလေးအဖြစ် ရွေးချယ်ရန် သတ်မှတ်ခံခဲ့ရသူဖြစ်သည်။

ဆာရိုင်ရီရာမို့စ်အနေဖြင့် ကမ္ဘာ့ဖလားပွဲ၌ ပါဝင်ဆင်နွှဲရန် အိပ်မက်သည် ယခုအခါ လက်တွေ့အကောင်အထည်ပေါ်လာခဲ့ပြီးဖြစ်သည့်အတွက် ကမ္ဘာ့ဖလားပွဲစဉ်များ၌ မည်သို့လက်စွမ်းပြနိုင်မည်ကို တွေ့ရှိကြရတော့မည်ဖြစ်သည်။

အင်ဒရာဂူရာဒါတို

မက္ကဆီကိုအသင်း၏ ကွင်းလယ်ကစားသမားဖြစ်ပြီး ၁၉၈၆ခုနှစ် စက်တင်ဘာ ၂၈ရက်၌ မွေးဖွားသူဖြစ်ရာ အသက် ၂၀ အရွယ်ရှိသူဖြစ်သည်။ လက်ရှိ၌ မက္ကဆီကိုနိုင်ငံရှိ အက်လက်စ်ကလပ်အသင်းတွင် ကစားနေသူဖြစ်ပြီး အရွယ်နှင့်မလိုက်အောင် ကွင်းလယ်ကစားကွက် ညက်ညောသူဖြစ်သည်။ ဘောလုံးအဖြတ်အတောက်၊ ဘောလုံးဖြန့်ဝေမှုနှင့် လျင်မြန်မှုတို့တွင် ပါရမီရှင်ဘောလုံးသမားလေး တစ်ဦးဖြစ်သည့်အတိုင်း အံ့ဖွယ်စွမ်းရည်ပြနိုင်သူဖြစ်သည်။

ယခုကမ္ဘာ့ဖလားပွဲ၌ အင်ဒရာ ဂူရာဒါတို၏ ဘောလုံးစွမ်းရည်များကို ပရိသတ်ကြီး တွေ့မြင်ကြရမည်ဖြစ်သည်။



ရွှန်နေ

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံး ပြိုင်ပွဲ၌ အသက် အငယ်ဆုံး နှင့် အကောင်းဆုံး ဘောလုံးသမား ဆု အတွက် ရေပန်းစားနေသူ ရွှန်နေ (အသက် ၂၀)။ (ဓာတ်ပုံ- အင်တာနက်)

ရွှန်နေ

တစ်ကမ္ဘာလုံးမှ စောင့်ကြည့်ခြင်း ခံနေရသူဖြစ်ပြီး ဒဏ်ရာကြောင့် ကမ္ဘာ့ဖလား ပွဲဦးထွက်ပွဲစဉ်များနှင့်လွဲချော်ရမည့်အနေအထားရှိသည်။ ၁၉၈၅ ခုနှစ် အောက်တိုဘာ ၂၄ ရက်၌ မွေးဖွားသူဖြစ်ရာ အသက် ၂၀ အရွယ်ရှိပြီဖြစ်သည်။ ၂၀၀၂ ခုနှစ်ကပင် အင်္ဂလန်လက်ရွေးစင်အသင်းအတွက် ရွေးချယ်သတ်မှတ်ခြင်းခံရသူဖြစ်ပြီး လက်ရှိကမ္ဘာ့ဘောလုံးလောက၌ အသက်အငယ်ဆုံး၊ စွမ်းရည်အထက်မြက်ဆုံးတိုက်စစ်မှူးတစ်ဦးပင်ဖြစ်သည်။ ယခု မန်ချက်စတာယူနိုက်တက်အသင်းတွင် အမာခံတိုက်စစ်မှူးတစ်ဦးဖြစ်ပြီး ၂၀၀၆ ကမ္ဘာ့ဖလားပွဲစဉ်များ၌ အပြည့်အဝ ကစားနိုင်ခဲ့ပါက ဖီဖာ၏အသက်အငယ်ဆုံးနှင့် အကောင်းဆုံး လူငယ်ဘောလုံးသမားဆုကိုရရှိရန် အလားအလာရှိသူ တစ်ဦးဖြစ်သည်။

ခရစ္စတီယာနိုရိုနယ်ဒို

ပေါ်တူဂီကွင်းလယ်နှင့် တောင်ပံတိုက်စစ်မှူးလေး တစ်ဦးဖြစ်ပြီး ၁၉၈၅ ခုနှစ် ဖေဖော်ဝါရီ ၅ရက်၌ မွေးဖွားသူဖြစ်ရာ အသက်၂၁နှစ်အရွယ်ရှိပြီဖြစ်သည်။ မန်ယူအသင်း၏ အဓိက တောင်ပံတိုက်စစ်မှူးဖြစ်ပြီး ကမ္ဘာကျော်ဘောလုံးသမားတစ်ဦးဖြစ်နေပြီဖြစ်သည်။ ဘောလုံးအလှည့်အခေါက် လျင်မြန်မှု၊ ကြံခိုင်မှု၊ ဂိုးသွင်းမှုများ ထက်မြက်ကျွမ်းကျင်သူဖြစ်ရာ ပေါ်တူဂီအသင်းနှင့် မန်ယူအသင်းတို့အတွက် မရှိမဖြစ် အားထားရသည့် ဘောလုံးသမားတစ်ဦးဖြစ်သည်။

ဖီဖာ၏ အသက်အငယ်ဆုံးနှင့် အကောင်းဆုံးဘောလုံးသမားဆုရရှိရန် ရေပန်းစားနေသူတစ်ဦးဖြစ်ပြီး အသက်အငယ်ဆုံး ကမ္ဘာကျော်တိုက်စစ်မှူးများတွင် တစ်ဦးပါဝင်သူဖြစ်သည်။ ခရစ္စတီယာနိုရိုနယ်ဒို၏ ဂိုးသွင်းစွမ်းရည်နှင့် ဘောလုံးပညာများက ပေါ်တူဂီအသင်းအတွက် မည်သို့ အကျိုးသက်ရောက်မည်ကို တွေ့မြင်ရတော့မည်ဖြစ်သည်။

ခရစ္စတီယာနို ရိုနယ်ဒို

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံး ပြိုင်ပွဲဝင် ပေါ်တူဂီ အသင်းမှ အသက် အငယ်ဆုံး တောင်ပံ တိုက် စစ် မှူး ခ ရ စ္စ တီယာနို ရိုနယ်ဒို (အသက် ၂၁ နှစ်)။ (ဓာတ်ပုံ- အင်တာနက်)



ရိုန်းဘာဘယ်

နယ်သာလန်အသင်း၏ တိုက်စစ်မှူးတစ်ဦးဖြစ်ပြီး ၁၉၈၆ခုနှစ် ဒီဇင်ဘာ ၁၉ ရက်၌ မွေးဖွားသူဖြစ်ရာ အသက် ၂၀ ရှိသူဖြစ်သည်။ ယခုလောလောဆယ်၌ နယ်သာလန်နိုင်ငံ အေဂျက်ဇ်ကလပ်အသင်းတွင် တိုက်စစ်မှူးအဖြစ် ခြေစွမ်းပြနေသူတစ်ဦးလည်း ဖြစ်သည်။ ဘောလုံးအခြေခံကို ကောင်းစွာကျေညက်သူဖြစ်ရာ ပြီးခဲ့သည့်နှစ်က နယ်သာလန်နှင့် ရိုမေးနီးယားတို့ပွဲတွင် နယ်သာလန်အတွက် နှစ်ဂိုးဆက်တိုက်သွင်းပေးနိုင်ခဲ့သူလည်း ဖြစ်သည်။ အေဂျက်ဇ်ကလပ်အသင်းအတွက် အားထားရသော တိုက်စစ်မှူးဖြစ်သလို နယ်သာလန်အသင်းအတွက်လည်း အားကိုးရသော တိုက်စစ်မှူး ဖြစ်သည်။

ရိုန်းဘာဘယ်သည် လျင်မြန်မှု၊ အဆုံးသတ်သေချာမှု၊ ဂိုးရအောင် ဖန်တီးတတ်မှုနှင့် အကွက်မြင်တတ်မှုများက ပါရမီတစ်ခုပမာ ထူးထူးခြားခြား စွမ်းဆောင်နိုင်သည်ဖြစ်ရာ ၂၀၀၆ ကမ္ဘာ့ဖလားပွဲ၌ ဖီဖာ၏ အသက်ငယ်ဆုံးနှင့် အကောင်းဆုံးဘောလုံးသမားဆုကို ချိန်ရွယ်နေသူ တစ်ဦးဖြစ်ကြောင်း ဖော်ပြလိုက်ပါသည်။ ။

(အင်တာနက်)



- အမျိုးသားညီလာခံကို ကျင်းပကာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူညွှန်းများနှင့် အသေးစိတ်အခြေခံမူညွှန်းများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး အတည်ပြုချက် ချမှတ်ပေးလျက်ရှိသည်။
- အမျိုးသားညီလာခံသတင်းများကို လေ့လာကြည့်သောအခါ အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရကို ပုံဖော်မှန်းမျှော် ကြည့်ရှုရလာပြီ ဖြစ်သည်။
- အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ထင်လင်းစွာ ပုံဖော်လာစေရေးအတွက် စာရေးသူ၏တွေ့ရှိချက်များကို တိုင်းရင်းသားပြည်သူများအား အကိုးအထောက် မှန်ကန်စွာဖြင့် လက်ဆင့်ကမ်းဝေငှထားသည့် —

စိုးမြကျော် ၏

အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန်
ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ

- အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရ အခန်း (၁) ခန်းနှင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း (၁၃) ပိုင်းပါရှိသည်။
- ရောင်စုံ သရုပ်ဖော်ပုံများနှင့် စာမျက်နှာ (၁၅၀)၊ ရောင်းဈေး ၂၀၀/-

(ထွက်ပြီ)

- စာပေဗိမာန် စာအုပ်ဆိုင် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၀၄၄၅၊ ၂၉၉၀၃၁
- သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် ၂၁၂ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၄၃၀၆

ကမ္ဘာ့ဖလားကစားမည့် ဘရာဇီးလက်ရွေးစင်နှစ်ဦး အလွန့်အလွန်အသက်ကြီးလွန်းနေပြီဟုဆို

စုစည်းတင်ပြသူ – မြင့်မောင်စိုး

ဝက်ဂစ် (ဆွစ်ဇာလန်) မေ ၃၀

ကာဖူးနှင့် ရော်ဘတ်တိုကားလို့စ်တို့နှစ်ဦးသည် ကမ္ဘာ့ဖလားအတွက် အလွန်အသက်ကြီးလွန်းနေကြပြီဆိုသည်ကို ဘရာဇီးနည်းပြ ကားလို့စ်အယ်လ်ဘာတိုပါရီယာရာက ပယ်ချလိုက်သည်။

ကာဖူးသည် ကမ္ဘာ့ဖလားကို လေးကြိမ်ဆက်တိုက် ပါဝင်မည်ဖြစ်သကဲ့သို့ ကားလို့စ်သည်လည်းတတိယအကြိမ် ဆက်တိုက်ပါဝင်ကစားမည်ဖြစ်သည်။

သို့ဖြစ်၍ ဘရာဇီးပြည်သူများက ယင်းတို့အား ကမ္ဘာ့ဖလားပြိုင်ပွဲ

ပြင်သစ် ကွင်းလယ်ကစားသမားဇီဒန်း။

တွင် ပါဝင်ကစားရန် စိုးရိမ်ပူပန်နေကြသည်။ ယင်းကိစ္စမှာ ပြိုင်ပွဲအမြင်ပေါ်တွင် မူတည်နေကြောင်း ဘရာဇီးနည်းပြက ပြောကြားသည်။

မိမိအနေဖြင့်လည်း အဆိုပါ ကစားသမားများမှာ အလွန်အသက်ကြီးနေပြီဟုထင်ကြောင်း၊ သို့ရာတွင် ယင်းတို့သည် အတွေ့အကြုံရင့်ကျက်သူများဖြစ်ကြောင်း၊ ကမ္ဘာ့ဖလား ဘရာဇီးအသင်း အောင်ပွဲခံနိုင်ရေးမှာ ယင်းကစားသမားကြီးများ၏ အခန်းကဏ္ဍသည် အဓိကကျကြောင်း၎င်းက ပြောကြားသည်။

အဆိုပါ ကစားသမားကြီးနှစ်ဦးအား ဇွန် ၁၃ရက်တွင် ခရိုအေးရှားနှင့်ပွဲစတင်ကစားရန် ပြောကြားထားပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကြံ့ခိုင်ဆဲ

ယင်းတို့နှစ်ဦးသည် ရုပ်ပိုင်းဆိုင်ရာ အနေအထားအရ ကြံ့ခိုင်တောင့်တင်းနေဆဲဖြစ်ပြီး ကောင်းကောင်းကစားနိုင်စွမ်းရှိဆဲဖြစ်သည်။

အသက် ၃၆နှစ်အရွယ်ရှိ ကာဖူးသည် သူ၏ အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းတွင် ယခုနှစ်အတွင်း ပွဲပြည့်နီးပါး ပါဝင်ကစားနိုင်ခဲ့သည်။ ၎င်းသည် ဒူးဒဏ်ရာရရှိထားရာမှ ပြန်ကောင်းလာစပြုနေပြီ ဖြစ်သည်။

သို့ရာတွင် ရော်ဘတ်တို ကားလို့စ်၏ ကစားပုံကို စပိန်ရီးရဲမက်

ဒရစ်အသင်း၌ ဝေဖန်ခံနေရသည်။

မိမိသည် လွန်ခဲ့သောလ အနည်းငယ်က ဒဏ်ရာများရခဲ့ကြောင်း၊ သို့ရာတွင် အားလုံးပြန်ကောင်းနေပြီ ဖြစ်ကြောင်း၊ ကမ္ဘာ့ဖလားကစားရန်အတွက် အသင့်ရှိနေကြောင်း ကာဖူးက ပြောကြားသည်။

ကာဖူးသည် ဘရာဇီးအသင်း ၂၀၀၂ခုနှစ်က ကမ္ဘာ့ဖလား ဗိုလ်စွဲစဉ်က အသင်းခေါင်းဆောင်အဖြစ် ပါဝင်ကစားခဲ့သည်။ ဘရာဇီးအသင်းသည် ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ခြောက်ကြိမ်မြောက်အဖြစ် ဗိုလ်စွဲနိုင်ခဲ့လျှင် ကာဖူးသည် အသင်းခေါင်းဆောင် နှစ်ကြိမ်ဖြင့် ကမ္ဘာ့ဖလား ဆွတ်ခူးပေးနိုင်မည့် ပထမဆုံးဘောလုံးအသင်းခေါင်းဆောင် ဖြစ်လာမည် ဖြစ်သည်။ **(စထရိတ်တိုင်းမ်)**

ကမ္ဘာ့ဖလား သတင်းဂယက်

ပြင်သစ်အတွက် ပွဲ၁၀၀ ကွင်းလယ်ကစားသမား ဇီဒန်းကစား

ပါရီ မေ ၃၀

ပြင်သစ်ဘောလုံးသမားကြီး ဇီနက်ဒင်း ဇီဒန်းသည် ကမ္ဘာ့ဖလားပွဲကြိုအဖြစ် မက္ကဆီကိုအသင်းနှင့် ယှဉ်ပြိုင် ကစားရာတွင် ပါဝင် ကစားရာ

ဂျာမနီ ကမ္ဘာ့ဖလားအတွက် လေ့ကျင့်နေသော ကားလို့စ်(ဝဲ)နှင့်ကာဖူး။

ယင်းပွဲသည် ဇီဒန်းအတွက် နိုင်ငံတကာပွဲပေါင်း ၁၀၀ မြောက်ပွဲ ဖြစ်လာသည်။ ကွင်းလယ် ကစားသမားဇီဒန်းသည် ပြင်သစ်အသင်းအတွက် ပွဲပေါင်း ၁၀၀ကစားပေးခဲ့သည့် ဘောလုံးသမားများ အနက် စတုတ္ထမြောက် ကစားသမားဖြစ်လာမည် ဖြစ်သည်။

ယခင်ကပြင်သစ်အသင်းအတွက် ပွဲပေါင်း ၁၀၀ ကစားပေးခဲ့ကြသူများ

ဘီလာရုစ်အသင်းနှင့် အင်္ဂလန်အသင်းတို့ ချစ်ကြည်ရေးပွဲ ယှဉ်ပြိုင်ကစားရာတွင် မိုက်ကယ်အိုဝင်နှင့် ဘီလာရုစ်ဂိုးသမားတို့ ဤသို့ တစ်ယောက်ချင်း တွေ့ဆုံကြရာဝယ်။

တွင် ဒီဒီယာ ဒက်ခ်ချန့်ခ်၊ လီလီယန် သူရမ်နှင့် ၁၁၆ပွဲကစားသည့် မာဆဲလ် ဒီဆေးလီတို့ ဖြစ်သည်။ ပြင်သစ်ဘောလုံးချစ်သူများက ဇီဒန်းအား ၁၉၉၈ ခုနှစ် ကမ္ဘာ့ဖလားဆွတ်ခူးပေးခဲ့သည့် အချိန်ကကဲ့သို့ ဂုဏ်ပြုရန် အသင့်ရှိနေကြသည်။

ဇီဒန်းသည် အပြာရောင်ပြင်သစ်အသင်းဝတ်စုံနှင့်အတူ အနည်းဆုံး ကိုးပွဲပါဝင်ကစားလိမ့်မည်ဖြစ်ကြောင်း သိရသည်။

ပြင်သစ်အသင်းသည် မေ ၃၁ ရက်တွင် ဒိန်းမတ်အသင်းနှင့်လည်းကောင်း၊ ဇွန် ၇ရက်တွင် စိန့်အီးစတိန်း၌ တရုတ်အသင်းနှင့်လည်းကောင်း ခြေစမ်းပွဲကစားကြမည်ဖြစ်သည်။ ဇီဒန်းသည် ကမ္ဘာ့ဖလားတွင် ၁၇နှစ်ကြာ ကစားပြီးနောက် ယခု ဂျာမနီကမ္ဘာ့ဖလားပွဲပြီးချိန်၌ အနားယူတော့မည် ဖြစ်သည်။

(စထရိတ်တိုင်းမ်)

လှိုင်သာယာ၊ ပြင်ဦးလွင်နှင့်ရမည်းသင်း မြို့နယ်တို့တွင် မီးလောင်မှုဖြစ်ပွား

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် (၇)ရပ်ကွက် အမှတ် ၅၉၀ ပိုင်ရှင် ကိုပေါက်၏ မြန်မာပန်းကုမ္ပဏီ ပိုးထည်လုပ်ငန်း၌ မေ ၂၇ရက် နံနက် ၃နာရီတွင် စက်ခန်းအတွင်း ဖယောင်းတိုင် မီးထွန်းထားရာမှစတင်၍ မီးလောင်မှုဖြစ်ပွားရာ (၅)ကေဗွီမီးစက် အပေါ်ပိုင်း၊ ခေါင်းအုံး၊ ဂွမ်းကပ်နှင့်သစ်သားအနည်းငယ်မီးလောင် ခံရပြီး ငွေကျပ်၁၀၀၀၀၀ဖိုးခန့် ဆုံးရှုံးသွားသည်။

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ၁၉မိုင်ဘုရားအနီး မန္တလေး–ပြင်ဦးလွင်လမ်း၌ မေ ၂၈ရက် နံနက် ၉နာရီမိနစ်၂၀တွင် ယာဉ်မောင်း ဦးကောင်း မောင်းနှင်သည့် (၂ခ/၇၉၀၈)နီဆန်းကောင်တာ ကုန်တင် ယာဉ်သည် ဘရိတ်ပေါက်၍တိမ်းမှောက်ရာမှ မီးလောင်မှုဖြစ်ပွားရာ ဗဟိုမီးသတ်သင်တန်းကျောင်းမှ မီးသတ်တပ်ဖွဲ့ဝင်များ လာရောက် ငြိမ်းသတ်ကြသည်။ မီးလောင်မှုကြောင့် ကားခေါင်းခန်းတစ်ခုလုံး မီးလောင်ခံရပြီး ငွေကျပ် ၇၅၀၀၀ခန့်ဆုံးရှုံးသွားသည်။

ယနေ့နံနက်၂နာရီ၁၅မိနစ်တွင် ရမည်းသင်းမြို့ ရှမ်းဝိုင်းရပ် မြို့မရပ်ကွက်နေ ဦးကျော်ငြိမ်းပိုင် ယုန်မင်းဆေးလိပ်ခုံမှ စတင်၍ မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းငြိမ်းသတ်ကြသည်။ မီးလောင်မှုကြောင့် အိမ်သုံးလုံး မီးလောင်ဆုံးရှုံးသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

၁။ ဆေးဆိုင်အရောင်းဝန်ထမ်း ကျား (၅)ဦး
၂။ ယာဉ်မောင်း ကျား (၁)ဦး

အမှတ်စဉ်(၁)အတွက် ဆေးဝါးရောင်းချခြင်းအတွေ့အကြုံရှိသူ ဖြစ်ရမည်။ နေ့/ည တာဝန်ထမ်းဆောင်နိုင်ပြီး ဘွဲ့ရသူကိုဦးစား ပေးမည်။

အမှတ်စဉ်(၂)အတွက် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး နှစ်နှစ်ရှိရမည်။

အထက်ပါအလုပ်ကိုစိတ်ဝင်စားသူသည် ဤကြော်ငြာပါသည့် နေ့မှ ခုနစ်ရက်အတွင်း မိမိ၏ကိုယ်ရေးရာဇဝင်၊ တစ်လအတွင်း ရိုက်ထားသော ဓာတ်ပုံနှစ်ပုံ၊ ပညာအရည်အချင်း အထောက် အထား၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်၊ အလုပ်သမား မှတ်ပုံတင်မိတ္တူနှင့် ရန်ကုန်စာတိုက်သေတ္တာအမှတ်(၅၄၈)သို့ ပေးပို့လျှောက်ထားနိုင်သည်။



ပြင်ဦးလွင်မှမြေဂရန်ပျောက်ဆုံးမှု မမှန်မကန်ကြောင်း ပြန်လည်ကြေညာချက်

၂၀–၅–၂၀၀၆ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၁၇)ပါ အိမ်မြေဂရန်ပျောက်ဆုံးကြောင်း ဒေါ်ဘေဘီမိနန်(ခ)မိနန်ဆိုင် ၁၂/သထက(နိုင်) ၀၁၁၂၈၀၊ အယ်(SAM)ခွန်အောင်(ခ)ခွန်ကုန်း၏ ဇနီးနှင့်သမီး(၄)ဦး၊ အမှတ် (၁၅၅)၊ ရိပ်သာလမ်း၊ ရပ်ကွက်ကြီး(၆)ပြင်ဦးလွင်၏ ကြေညာချက်မှာမမှန်ပါ။

အမှန်မှာ ဗိုလ်မှူးကြီးအယ်(လ်)ခွန်နောင် အမည်အပါအဝင် သားသမီး(၅)ဦး (နံဘောက်၊ ခွန်ကုန်း၊ နံဒွဲ၊ ထူးရော်၊နံကိုင်)တို့အမည်ပေါက်သော အထက်ပါ မြေကွက် အကွက်အမှတ် အာရ်အေ(111)၊ ဦးပိုင်အမှတ်(၅၄)၊မြေယာအမှတ် (၁၇၂)၊ ဧရိယာ ၂ဒသမ၃၇ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံတို့ကို ဗိုလ်မှူးကြီးအယ်(လ်)ခွန်နောင်က သားဖြစ်သူ အယ်(SAM)ခွန်အောင်(ခ)ခွန်ကုန်း နှင့် မိသားစုအား မည်သည့်အချိန်ကမျှ တရားဝင် အမွေခွဲဝေပေးခဲ့ခြင်းမရှိပါ။ မြေဂရန်မူရင်းမှာ သမီးအရင်းများလက်ထက်ဝယ် ယနေ့တိုင်ရှိပါသည်။

နောက်နောင် မဟုတ်မမှန်လုပ်ကြံ၍ မိမိတစ်ဦးတည်း ပိုင်သယောင် ကြေညာခြင်းမပြုရန်နှင့် ပြန်လည်ရုပ်သိမ်းရန် ကြော်ငြာလိုက်ပါသည်။

သမီးများ၏ညွှန်ကြားချက်အရ–
ဦးထွန်းကြည် B.A,B.L (အမှတ်စဉ်–၁၁၇၀)
ဦးခင်ဇော် B.Sc (Zool), H.G.P,R.L (အမှတ်စဉ်–၃၉၆၄)
တရားရုံးချုပ်ရှေ့နေများ
အခန်း ၂၆၊ အမှတ် ၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အမည်ပြောင်း

မင်းဘူးမြို့ အထက(၂) ပဥ္စမ တန်းမှ (အဖ) ဦးစိန်မင်း၏သမီး မယဉ်မိုးဖြူအား မလှိုင်လှိုင်ကြိုင်ခိုင် ဟု ပြောင်းလဲခေါ်ပါရန်။

မလှိုင်လှိုင်ကြိုင်ခိုင်။

အမည်ပြောင်း

ဦးတင်အုန်း ၁၂/ခရန(နိုင်)၀၆၆၃၂၆၏ သမီးဖြစ်သူ အထက(၂)ခရမ်း သတ္တမတန်း(အေ)မှ မဆုရည်လှိုင်အား မမေမြတ်စုဟု ပြောင်းလဲခေါ်ပါရန်။ **မမေမြတ်စု။**

မိုးအသင့်အတင့်

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

စာကြည့်တိုက် ရေရှည်တည်တံ့ရေး ရှင်းလင်းဟောပြော စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲ မိတ္ထီလာမြို့၌ကျင်းပ

မိတ္ထီလာ မေ ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ်နိုင်သည် ဒုတိယညွှန်ကြားရေးမှူး (ထုတ်လုပ်) ဦးသန်းထွန်းနှင့်အတူ မေ ၅ရက်ညနေ ၅နာရီက မိတ္ထီလာမြို့တောမကျေးရွာအုပ်စု ရေချိုကျေးရွာရှိ လင်းရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ သွားရောက်၍ စာကြည့်တိုက်ဖွင့်လှစ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျေးရွာပြည်သူများနှင့် တွေ့ဆုံပွဲ ကျင်းပရာ ရွာဦးစွာ စာကြည့်တိုက်မှူး ဦးမာတောက်က စာကြည့်တိုက် ဖြစ်ပေါ်လာပုံများကို ရှင်းလင်းတင်ပြပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက စာကြည့်တိုက်ရေရှည်တည်တံ့ရေးကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က စာကြည့်တိုက်တွင် စာဖတ်ရှုသူတိုးပွားရေး၊ စာအုပ်တိုးတက်ရရှိရေးတို့ကိုရှင်းလင်းဟောပြောပြီး ငွေကျပ် ၃၀၀၀၀ ခန့်တန်ဖိုးရှိသုတ၊ရသ စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းရာ ရေချိုကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးတင်ငွေက လက်ခံရယူသည်။ **(ခရိုင် ပြန်/ဆက်)**

ကျိုက္ကလှီမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသော ကမ်းနားလမ်းကို မေ ၅ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ် စည်ပင်)

ပန်းအလှပင် စိုက်ပျိုး

ခင်ဦး မေ ၂၅

ခင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်ကြီးကြပ်သော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများသည် မေ ၂၂ရက်က မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် လမ်းမတော် လမ်းဘေးဝဲယာတစ်လျှောက်တွင် စိုက်ပျိုးထားသည့် ပန်းအလှပင်များကို အစားထိုး စိုက်ပျိုးခြင်းနှင့် မြေယာရှင်းအလှပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထို့အပြင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာရေးအတွက် ခေါင်းလောင်းတီး အမှိုက်သိမ်းစနစ်ဖြင့် နေ့စဉ်အမှိုက်သိမ်းလျက်ရှိပြီး မိုးရာသီတွင် ရေစီးရေလာကောင်းမွန်ရေးအတွက် ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

မှုခင်းကျဆင်းရေး ရှင်းလင်း

တပ်ကုန်း မေ ၂၀

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ မှုခင်းကျဆင်းရေး၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို မေ ၁၄ ရက် မွန်းလွဲ ၁ နာရီက ပျဉ်းမနားခရိုင် တပ်ကုန်းမြို့ အောင်ဆန်းအားကစားခန်းမတွင် ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝေက အမှာစကားပြောကြားပြီး ပျဉ်းမနားခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းက မှုခင်းကျဆင်းရေးကိုလည်းကောင်း **(အပေါ်ပုံ)**၊ ဒုတိယရဲမှူးမိုးမိုးထွန်းက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးကိုလည်းကောင်း၊ ဒုတိယရဲမှူးကြီး အောင်နိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။ **(၂၆၆)**

စုပေါင်းစိုက်ပျိုး

သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတင်ဋ္ဌေးဦးဆောင်သော ဝန်ထမ်းများ မေ ၂၅ရက်က သီလဝါဆည်အနီးတွင် ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးစဉ်။ (ခရိုင် ပြန်/ဆက်)

ဂုဏဝိသိဋ္ဌ ဂုဏ်ပြုပူဇော်ပွဲ မိုးညှင်း၌ ကျင်းပ

မိုးညှင်း မေ ၁၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းခဲ့သော မဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်ရ ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန်းမားသစ်ပျံ ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဉာဏဝံသာဘိဝံသ သာသနဓဇ ဓမ္မာစရိယအား ဂုဏဝိသိဋ္ဌပူဇာ ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို မေ ၆ ရက် မွန်းတည့် ၁၂ နာရီ က အဆိုပါ နန်းမားသစ်ပျံ ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုပူဇော်ဖွင့်လှစ်ပြီး ဦးဓမ္မသေန(သစ်ပျံ)ဆရာတော်က ဘုရားပင့်လျှောက်တော်မူသည်။ ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တစန္ဒိမာက ငါးပါးသီလနှင့် မေတ္တာသုတ်ကို ချီးမြှင့်တော်မူပြီး ဩဝါဒကထာ မိန့်ကြားတော်မူသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းဟန်က သာသနာရေးဆိုင်ရာများလျှောက်ထားပြီး နိုင်ငံတော်က ဆက်ကပ်လှူဒါန်းခဲ့သော မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်အား ဘွဲ့တံဆိပ်ရ ဘဒ္ဒန္တဉာဏဝံသာဘိဝံသ သာသနဓဇ ဓမ္မာစရိယဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ (၁၅၂)

ကျောက်ကြီးမြို့ အနော်ရထာလမ်းရေသွယ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

ကျောက်ကြီး မေ ၁၉

ပဲခူးတိုင်း ကျောက်ကြီးမြို့ အနော်ရထာလမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲယာ ရေသွယ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက မိုးရာသီအမီ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မေ ၁၅ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုလေးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဇော်မြင့်တို့ ကြီးကြပ်ပေးကြသည်။

အလားတူပင် ရွှေကျင်လမ်းမကြီးနှင့် ဇီဇဝါလမ်းဆုံ ရေသွယ်မြောင်းကူး အုတ်ပြွန် တံတား တည်ဆောက်မှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အထက ကျောင်းလမ်း သစ်သားတံတားကို ကျောင်းဖွင့်အမီ အပြီးပြင်ဆင် နိုင်ရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးကြသည်။ (၂၁၁)

အမြို့မြို့ အနယ်နယ် သတင်းများ

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရုံးဝင်းအတွင်း မေ ၂၅ ရက်က မြို့နယ်စည်ပင်သာယာရေး ရုံးဝန်ထမ်းများ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးစဉ်။

(မြို့နယ် စည်ပင်)

အရာတော်မြို့နယ်၌ အခြေခံမီးသတ်သင်တန်းဖွင့်

အရာတော် မေ ၃

စစ်ကိုင်းတိုင်း မုံရွာခရိုင် အရာတော်မြို့နယ် အရန်မီးသတ်တပ်ဖွဲ့၏ အခြေခံ မီးသတ်သင်တန်း (၁/၂၀၀၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၃ ရက် နံနက် ၈နာရီက သီရိရတနာခန်းမ၌ကျင်းပသည်။

ရှင်းလင်းပြောကြား

ရွာဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၁) ဒုတိယရဲမှူးမြင့်ရွှေက အမှာစကားပြောကြားပြီး အရန်မီးသတ်တပ်ဖွဲ့ဒုတိယတပ်ရင်းမှူး သိန်းဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် နယုန်လဆန်း(၆)ရက်
၁-၆-၂၀၀၆
(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုး ပြည့်အကျိုး (ငွေပင်လယ်အဆင့်မြင့်ငါး၊ ပုစွန်ရောင်းဝယ်ရေးဇုန်)
၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ဖန်ဆင်းစိတ်ကူးကြည့်ခြင်းဖြင့် အောင်မြင်မှုကိုဖန်ဆင်းခြင်း (ဆရာမိုး Follow me)
(၂) ပုစ္ဆာဆန်သောမိန်းကလေး (မောင်သိန်းဆိုင်)
၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (သတိပြုစရာ စားဝလေ့-မောင်ဆုရှင်)
၁၂း၃၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ငါးကျည်းကျပ်ကင်နှင့် ခံတက်ချဉ်သုပ်)

ညနေပိုင်း

၁၆း၂၅ ထီပေါက်စဉ်
၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၅ သုတကမ္ဘာ
၁၈း၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) မောင့်ကိုသိပ်စိတ်ဆိုးတယ်
(၂) မောင်ချော့မြူပါ့မယ်
၁၈း၄၀ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်) Better English
၁၉း၁၅ ဓာတ်လမ်းပမာနားဆင်စရာ (နှုတ်ဆက်ချိန်)
၁၉း၄၀ ခေတ်မရွေးသောတေးများ
(၁)ဘုန်းစက်ပါ့ ဘုန်းလက်ယာဝယ်
(၂)သံယောဇဉ်
(၃)မိုး
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) လပြည့်ညလေးခဏပေးပါ
(၂) ချစ်သူ့နယ်မြေ
(၃) ငယ်ကချစ်တော့ မမေ့သာ

တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး မေ ၂၄ရက်က မော်လမြိုင်မြို့ မွန်ပြည်နယ်တရားရုံးခန်းမတွင် မွန်ပြည်နယ်အတွင်းရှိ တရားသူကြီးများအားတွေ့ဆုံ၍ တရားစီရင်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားစဉ်။ (၁၆၈)

ထန်းတပင်မြို့၌ မိုးစပါးစိုက်ပျိုးစရိတ်ငွေထုတ်ပေး

ထန်းတပင် မေ ၂၈

ရန်ကုန်တိုင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ်က ထန်းတပင်မြို့နယ်ရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း ကိုးသင်းမှ အသင်းသားလယ်သမား ၁၃၀တို့၏ လယ်ဧက ၈၀၀အတွက် မိုးစပါးစိုက်ပျိုးစရိတ် ပံ့ပိုးငွေကျပ် ၁၁၅ သိန်းထုတ်ပေးသည့်အခမ်းအနားကို မေ ၂၆ရက် နံနက် ၉နာရီခွဲက ထန်းတပင်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝင်း၊ ရန်ကုန်တိုင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးရဲအောင်(ငြိမ်း)တို့က ပံ့ပိုးငွေထုတ်ပေးသည့် အကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပံ့ပိုးငွေများကို ရန်ကုန်တိုင်းအထွေထွေစီးပွားရေးလုပ်ငန်းအသင်းစုချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးရဲအောင်(ငြိမ်း)က ပေးအပ်ရာ ထန်းတပင်မြို့နယ် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးစိုးခိုင်က လက်ခံရယူသည်။ **(ယာပုံ)**

(က-ပ)

ကျိုက်လတ် ဦးဖိုးချမ်းစာကြည့်တိုက် အဆောက်အအုံဖွင့် စာအုပ်စာစောင်နှင့်ပရိဘောဂပစ္စည်းများလှူဒါန်း

ကျိုက်လတ် မေ ၂၈

ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် စစ်ကုန်းကျေးရွာအုပ်စု တင်းကုတ်ကြီးရွာသစ်ကျေးရွာတွင် ဦးဖိုးချမ်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ ပရိဘောဂနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မေ ၂၃ ရက်က ကျင်းပရာ ဦးဖိုးချမ်း စာကြည့်တိုက် အဆောက်အအုံသစ်ကို ကျိုက်လတ်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းရီနှင့်အလှူရှင် အငြိမ်းစား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းရီနှင့် အဖွဲ့ဝင်များက ကျန်းမာရေး အသိပညာပေး ဟောပြောပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဒေါ်လှလှက စာကြည့်တိုက် အစဉ်တည်တံ့ရေး ဟောပြောဆွေးနွေးကာ စာကြည့်တိုက်တာဝန်ခံအား စာအုပ်များလှူဒါန်းသည်။

အဆိုပါ ဦးဖိုးချမ်းစာကြည့်တိုက် အဆောက်အအုံသစ်ကို ပရိဘောဂနှင့် စာအုပ်စာစောင်များ အပါအဝင် ငွေကျပ် ၁၇၈၀၀၀၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

ခြံစည်းရိုးကြက်ဆူပင် ဂန့်ဂေါ၌ စုပေါင်းစိုက်ပျိုး

ဂန့်ဂေါ မေ ၃၀

ဂန့်ဂေါခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူးကျင်းပသည့် ယဉ်ကျေးမှု သင်တန်းဖွင့်ပွဲကို မေ ၁၅ရက်က ဂန့်ဂေါမြို့ သာသနာ့ဗိမာန်၌ ကျင်းပရာ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင် ဒေါ်သီတာက အမှာစကား ပြောကြားသည်။

ထို့နောက် မကွေးတိုင်းအမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင် ဒေါ်သီတာ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ကြူးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဥမ္မာအောင်တို့သည် ဂန့်ဂေါခရိုင်နှင့် ဂန့်ဂေါမြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူးဖွင့်လှစ်သည့် စက်ချုပ်ပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၆) သင်တန်းသူများနှင့်အတူ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ရုံးပတ်ဝန်းကျင် နေရာများ၌ ခြံစည်းရိုးကြက်ဆူပင်များ တပျော်တပါး စုပေါင်းစိုက်ပျိုးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယဉ်ကျေးမှုသင်တန်းပို့ချမှု ကြည့်ရှုအားပေး လှူဖွယ်ဝတ္ထုများဆက်ကပ်

မြောင် မေ ၁၈

စစ်ကိုင်းခရိုင် မြောင်မြို့နယ် ကျောက်ရစ်ကျေးရွာ ကိုးဆောင်ကျောင်းတိုက်တွင် ဖွင့်လှစ်ပို့ချသည့် ယဉ်ကျေးမှုသင်တန်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုအောင်ဇော်သည် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ပပမင်းနှင့် အဖွဲ့ဝင်များနှင့်အတူ မေ ၁၆ရက် မွန်းလွဲပိုင်းက သွားရောက်၍ ကျောင်းထိုင်ဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ဝင် ဦးဝဏ္ဏောဘာသ သင်ကြားပို့ချနေမှုကို ကြည့်ရှုအားပေးပြီး ဆရာတော်အား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့သည်။ **(၃၆၇)**

ကာမိုင်းမြို့ဝင်ဆိုင်းဘုတ် ပြုပြင်မွမ်းမံ

ကာမိုင်း မေ ၆

ကချင်ပြည်နယ် ကာမိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ပွင့်လင်းရာသီတွင် မြို့သာယာလှပရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ မေ ၁ရက်က မြို့နယ်တာဝန်ခံ ဦးဆန်းအောင်၏ ကြီးကြပ်မှုဖြင့် ချမ်းမြေ့သာယာပန်းဥယျာဉ်၊ စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးခြံ၊ မြို့အဝင်ဆိုင်းဘုတ်နှင့်တြိဂံပန်းခြံတို့ကို ဆေးသုတ်အလှဆင်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။ **(၄၁၆)**

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေးအတွက် သုံးဆယ်-ဖိုးခေါင်လမ်း ပြုပြင်ရန် ဂဝံစုဆောင်းနေမှုကို မေ ၉ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဖေအောင်သူနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်သူတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အင်းစိန်မြို့ ဈေးကုန်းအရှေ့ရပ်ကွက် လှိုင်မီးရထားဝင်း(၈) လမ်းအနောက် အမှတ်(၁၈၃)(G)နေ ဒေါ်ခင်ကြည်အားရည်စူး၍ ဦးအောင်သောင်းနှင့် မိသားစုက အလှူငွေကျပ်တစ်သိန်းကို အင်းစိန်မြို့ကွက်သစ် မာလာရာမ ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့လှူဒါန်းရာ အသင်းတွဲဖက်ဘဏ္ဍာရေးမှူး(၁)ဦးခင်မောင်ကြီးနှင့် အမှုဆောင် ဦးခင်မောင်ထွေးတို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။(က-ပ)

မိုးကြိုဂုန်လျှော် / ချဉ်ပေါင်လျှော် စိုက်ပျိုးရေး နှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီအမီ စိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလ လယ်မှဧပြီလကုန်အထိလည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို ဧပြီလဆန်းမှ မေလလယ် အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေထည့်သွင်းသုံးစွဲပါ။ မြေခံ မြေဩဇာအဖြစ် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀စီးအထိလည်းကောင်း၊ ယူရီးယား ဓာတ်မြေဩဇာ အနည်းဆုံး ၂၅ကီလိုနှင့် ပိုတက်ရှ် မြေဩဇာ ၁၂ဒသမ၅ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက် ရာခိုင်နှုန်း ၈၀နှင့်အထက်ရှိသော မျိုးများကို ဂုန်လျှော် တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့လေးပြည်နှုန်းသုံးစွဲပါ။

၆။ အစိုဓာတ်အချိန်မီအောင် စိုက်ပျိုးပါ။ မျိုးစေ့ချစိုက်ပျိုး ရန်အတွက် မြေအစိုဓာတ်သင့်တင့်ချိန်တွင် စိုက်ထွန်ရေး ဖွင့်ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၇။ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှ ကင်းစေရန် စိုက်ခင်းအနီးရှိအမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့် အန္တရာယ်ရှိပါက မျှားစာ အဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။

၈။ နည်းပညာနှင့်အကူအညီရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော် ပစ္စည်းလုပ်ငန်း ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေး

စစ်ကိုင်း မေ ၁၇

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ဝင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၁၂ ရက်က စစ်ကိုင်းမြို့နယ်အတွင်းရှိ ခက်ခကျေးရွာနှင့် စမွန်းကျေးရွာ ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်များသို့ သွားရောက်၍ စာကြည့်တိုက်များ ရေရှည် တည်တံ့ရေး၊ စာအုပ်စာစောင်များ စနစ်တကျထားရှိရေးနှင့် စာအုပ်များ တိုးပွားစွာ ရရှိရေးတို့အတွက် ဆွေးနွေးဟောပြောသည်။

အလားတူ မေ ၁၃ ရက်က စမွန်းကျေးရွာအုပ်စုအတွင်းရှိ ရုံးပင်ကျေးရွာ၊ ကျွန်းဦးတောကျေးရွာ၊ မုံညိုကျေးရွာနှင့် ကြခတ်ကျေးရွာများတွင် ဆွေးနွေးဟောပြောပွဲများကျင်းပပြီး စာအုပ်များပေးအပ်လှူဒါန်းကြသည်။

(ခရိုင် ပြန်/ဆက်)

အမည်ပြောင်း

မြစ်ကြီးနားမြို့ အထက(၅) နဝမတန်း(A-7)မှ ဦးနန်ဟီးခင်၏ သမီး မကိုင်ဘူအား မနန်ဟီးခူရ်ဘူဟု ပြောင်းလဲခေါ်ပါရန်။

မနန်ဟီးခူရ်ဘူ။

ဖခင်အမည်မှန်

ဟိုပင်မြို့ နတ်ကြီးကုန်း အလက သတ္တမတန်းမှ မမိမိခိုင်၏ ဖခင်အမည်မှန်မှာ ဦးကျူးဆူးချန်း ဖြစ်ပါသည်။

ဦးကျူးဆူးချန်း။

ငွေရတုမင်္ဂလာ ဆုတောင်း

ဖေဖေ **ဦးငွေးဝင်း** – မေမေ **ဒေါ်အေးအေးကျော်** တို့၏ ၃၁–၅–၂၀၀၆ရက်တွင် ကျရောက်သော ငွေရတုမင်္ဂလာရက်မြတ်မှသည် နှစ် ၁၀၀တိုင် သားတို့ သမီးတို့နှင့်အတူ ထာဝရပျော်ရွှင်နိုင်ပါစေ။

ချစ်သား – သီဟထွန်း၊ ထက်ဖြိုးဝင်း၊ ထက်မိုးဝင်း၊

ချစ်သမီး – စုသန္တာဝင်း ME.IT(THESIS)၊

မိုးသန္တာဝင်း Final Year Law။

သွားဘက်ဆိုင်ရာဆေးပညာရပ် ဟောပြောပွဲ

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းမှ ကြီးမှူး၍ စဉ်ဆက်မပြတ် သွားဘက်ဆိုင်ရာ ဆေးပညာ တိုးတက်ရေးအစီအစဉ် (**Continuing Dental Education Programme**) အဖြစ် **Dentsply Asia** နှင့် **3-Q Dental International Ltd.** တို့မှ ပူးပေါင်းကူညီပံ့ပိုးသည့် **Lecture Talk** ကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်ကျင်းပမည် ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသော သွားဘက်ဆိုင်ရာ ဆရာဝန်တိုင်း အခမဲ့တက်ရောက်နိုင်ပါသည်။

ကျင်းပမည့်အစီအစဉ်

ကျင်းပမည့်နေရာ – Central Hotel (Yangon)

ကျင်းပမည့်အချိန် – နံနက် (၉:၀၀)နာရီမှ မွန်းတည့် (၁၂:၀၀)နာရီအထိ

ကျင်းပမည့်နေ့ရက် – 3-June-2006 (Saturday)

အသေးစိတ်ကို Ph-379532, 709120 သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမည်ပြောင်း

မြစ်ကြီးနားမြို့ အထက(၃) ဒုတိယတန်း(B)မှ ဦးစိန်အေးမောင်၏သား မောင်ထွန်းရွှေမောင်အား မောင်ဟိန်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဟိန်းသန့်။

ကားမျိုးစုံငှားမည် တိုက်ခန်းရောင်းမည်

Junction-8 (ကိုးလွှာ)ရောင်းမည်။ ခရီးစဉ်မျိုးစုံအတွက် **Air-con Mini Bus, Saloon, Van** နှစ်ချပ်၊ လချုပ်၊ ရက်ပိုင်း၊ အချိန်ပိုင်းငှားရန်ရှိသည်။ အကျိုးတူ ပူးပေါင်းလိုသော ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။

ဖုန်း–၅၂၄၆၈၆

၀၉–၈၀–၂၄၀၄၄။



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန သူနာပြုမဟာသိပ္ပံဘွဲ့လွန်အတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ သူနာပြုတက္ကသိုလ် ရန်ကုန်၊ မန္တလေးတို့၌ ၂၀၀၆–၂၀၀၇ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် သူနာပြုမဟာသိပ္ပံ M.N.Sc ဘွဲ့လွန် ၂နှစ်သင်တန်းသို့ သတ်မှတ်အရည် အချင်းများနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ **လိုအပ်သောအရည်အချင်း**

(၁) သူနာပြုသိပ္ပံဘွဲ့ (သို့မဟုတ်) မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူ ဖြစ်ရမည်။

(၂) သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)ရရှိပြီး လျှောက်လွှာပိတ်သည့်ရက်တွင် ခွင့်ရက်မပါ လုပ်သက် ၂နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်း(သို့မဟုတ်) လျှောက်လွှာ ပိတ်သည့်ရက်တွင် သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး)ရရှိပြီးနောက် ခွင့်ရက်မပါ လုပ်သက် (၁)နှစ်နှင့်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။

(၃) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)နှစ်ထက်မကြီးသူဖြစ်ရမည်။

(၄) ရေးဖြေစာမေးပွဲ စစ်ဆေးမည့်ရက်တွင် အခြေခံဝန်ထမ်းလောင်းသင်တန်း(ဗေယျ)(သို့မဟုတ်)အခြေခံဝန်ထမ်းလောင်း(အငယ်တန်း) သင်တန်း တက်ရောက်ပြီးသူ ဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၄–၈–၂၀၀၆ရက်နေ့ဖြစ်ပါသည်။

၄။ ဝင်ခွင့် ရေး၊ဖြေစာမေးပွဲ စစ်ဆေးမည့်ရက်မှာ ၇–၉–၂၀၀၆ရက်နေ့ ဖြစ်ပါသည်။

၅။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားလိုသူများသည် သူနာပြုမဟာသိပ္ပံဘွဲ့လွန်သင်တန်း ဝင်ခွင့်စာမေးပွဲကြေး ကျပ် ၁၀၀၀ိ/–(ကျပ်တစ်ထောင်တိတိ)ကို ရန်ကုန်မြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၃)တွင် ဆေးသိပ္ပံပညာဦးစီးဌာန ငွေစာရင်းအမှတ် MD–၀၀၄၄၉၆သို့ပေးသွင်းရမည်။

၆။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ ပြည်နယ်၊တိုင်း၊ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးရုံးများတွင် မေးမြန်းစုံစမ်း နိုင်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ ၆၆)

မန္တလေးတိုင်းတရားရုံး

၂၀၀၅–ခုနှစ်၊ တရားမဇာရီမှုအမှတ်–၄၅၂(အမ်)

မြန်မာ့စီးပွားရေးဘဏ် ဝမ်းတွင်းမြို့	**နှင့်**	၁။ ဒေါ်မာမာတင် ၂။ ဦးအောင်ကျော်စိုး ၃။ ဦးမျိုးနိုင် ၄။ ဦးမျိုးကိုကို ၅။ ဒေါ်အေးကြည် ၆။ ဦးလှငွေး	ကွယ်လွန်သူ ဦးပြုံးမောင် ဒေါ်တင်မြင့်တို့၏ တရားဝင်ကိုယ်စားလှယ်များ
တရားနိုင်		**တရားရှုံး**	

၂၀၀၂ ခုနှစ် တရားမကြီးမှုအမှတ် ၂၅၃ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့ မြန်မာသက္ကရာဇ် (၁၃၆၈ခုနှစ် ဝါဆိုလဆန်း ၉ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မန္တလေးတိုင်း၊ ဝမ်းတွင်းမြို့နယ် သဲတော(၁)ရပ်ကွက် ကွင်း(၆/က) သဲတောတောင်အရပ်၊ ဦးပိုင်(၅/၄) ဧရိယာ(၀.၁၁၃ဧက)ဧကရှိ မြေနှင့်ယင်းမြေကွက်ပေါ်ရှိ (၂၇x၁၈)ပေ သွပ်မိုးနံကပ်(၂)ထပ်တိုက် (၁၈x၁၀)ပေသွပ်မိုး၊ နံကပ်၊မီးဖိုဆောင်၊ ဂိုဒေါင်တိုက်နှင့်တွဲလျက် (၂၂ x ၁၃)ပေသွပ်မိုး၊ နံကပ်၊ စက်ရက်ကန်းရုံ(မီးဖိုဆောင်တွဲလျက်)

လေလံကြမ်းခင်းဈေး–ကျပ်သိန်း (၇၀)

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်ကတရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာများတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်းလာရောက် စုံစမ်းနိုင်သည်။

၂၀၀၆ခုနှစ် မေလ ၄ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိန်သန်း

တွဲဖက်တိုင်းတရားသူကြီး(၄)

မန္တလေးတိုင်းတရားရုံး။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မလစ်(အရှေ့)အုပ်စု ကျူချောင်းကျေးရွာရှိ အလင်းရောင်စာကြည့်တိုက်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့်နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲကို မေ ၂၇ရက်ကကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးလှငွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းများနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ စုပေါင်း၍ ကနစိုးကုန်း–လမ်းသမိုင်ကျေးလက်ကျောက်ချောလမ်းဘေး ဝဲယာတွင် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးကြရာ မေ ၁၂ရက်က မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်လွင်နှင့် အမှုဆောင်အရာရှိ ဦးလှဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ကြေးပိဋကတ်တော်ပြုလုပ်ရန် အလှူငွေများ လှူဒါန်း

ရန်ကုန် မေ ၃၀

မြတ်ဗုဒ္ဓ၏ ပိဋကတ်ကျမ်းစာတော်များကို ကြေးပြားတွင် ရေးထွင်း၍ ကြေးပိဋကတ်တော် တစ်ဆူပြုလုပ်လှူဒါန်းကြရာ ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (သာသနဓဇဓမ္မာစရိယ၊မဟာဂန္ထဝါစကပဏ္ဍိတ)၊ မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာ ရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ်သို့ ဦးသုဇနအား အမှူးထား၍ မန္တလေးမြို့နေ ဒေါ်တင်ဝေဝေညွန့်၊ သားစိုင်းမောက်ခေးခမ်းက ကြေးပြားတစ်ချပ်၊ နှစ်ဖက်သောမိဘများအား အမှူးထား၍ ပုဇွန်တောင်မြို့နယ် လိုင်း(၂)အခန်း ၆ ဆက်သွယ်ရေး သင်တန်းကျောင်းနေ ဦးကျော်ဇေယျ–ဒေါ်ခင်စန္ဒာမိသားစုက ကြေးပြားတစ်ချပ်၊ မိခင်ကြီးဒေါ်ဖွားသစ်အားရည်စူး၍ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာအောက်လမ်းအမှတ်(၃၇)၊ ပထမထပ်နေ ဦးစိုးသိန်း–ဒေါ်ခင်နှင်းရီနှင့်သားသမီးမြေးတစ်စုတို့က ကြေးပြားခြောက်ချပ်၊ ရန်ကင်းမြို့နယ် (၁၃)ရပ်ကွက်၊ ရွှေသစ္စာလမ်း၊ အမှတ်(၃)နေ ဒေါ်ချိန်ဝင်း မိသားစုက ကြေးပြားနှစ်ချပ်၊ တာမွေမြို့နယ် အရှေ့မြင်းပြိုင် ကွင်းလမ်းအမှတ် (၉)နေ ဦးဝင်း အောင်–ဒေါ်ခင်ခင်မြင့်၊ သားမောင်အောင်ကျော်ခိုင်တို့က ကြေးပြားတစ်ချပ်၊ ကမာရွတ်မြို့နယ် ပြည်လမ်းအမှတ်– ၄၉၉(စီ–၇)နေ ဦးလှဆန်း–ဒေါ်မြင့်မြင့်သန်း၊ သမီးမယုမွန်ဆန်း၊ မသက်မွန်ဆန်း၊မအေးမွန်ဆန်းမိသားစုတို့က ကြေးပြားသုံးချပ်နှင့် မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် ဥက္ကာ ၆လမ်း အမှတ် ၁၆၇ နေ ဦးလှမြင့်–ဒေါ်ခင်တိုးဝင်း၊ သမီး မဉမ္မာမြင့်တို့က ကြေးပြား တစ်ချပ်စီ လှူဒါန်းကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူရှင်များအနေဖြင့် ကြေးပြားတစ်ချပ်လျှင် အလှူငွေကျပ် ၁၈၀၀၀ ဖြင့် မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာ ရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း–၅၄၈၈၀၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ရေနုတ်မြောင်းတူးဖော် ချုံနွယ်များရှင်းလင်း

ရန်ကုန် မေ ၃၀

မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ပြည်သူ့ အကျိုးပြုလုပ်ငန်း သန့်ရှင်းရေးဆောင်ရွက်ပွဲကို မေ ၂၇ရက် နံနက်ပိုင်းက ခေမာသီလမ်းတစ်လျှောက်တွင် ကျင်းပသည်။

ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ကျော်ညွန့်၊ မြို့နယ် အသင်းအတွင်းရေးမှူး ဦးကျော်ကျော်စိုးနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းနှင့်လက်ထောက် အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသူ အသင်းသားများ အင်အား ၂၅၀ဖြင့် လမ်းဘေးဝဲယာ ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ပိတ်ဆို့နေသော အမှိုက်နှင့်နုန်းများအား ဖယ်ရှားခြင်း၊ မြက်နှင့်ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ သွေးလွန်တုပ်ကွေး ကာကွယ်ရေးအတွက် နေ့ကလေးထိန်း ကျောင်းဝင်းအတွင်း ဆေးဖျန်း၊ ဆေးမှုတ်ခြင်းများ ဆောင်ရွက်ကြသည်။

(က–ပ)

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် မြန်မာ့ဂုဏ်ရောင်အိမ်ရာ မြလမ်းအမှတ်(၁၁)နေ ဒုတိယ ဗိုလ်မှူးကြီးသိန်းလွင်–ဒေါ်တင်တင်အေး မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဒေါ်စိုးရီကလက်ခံယူစဉ်။

(က–ပ)

၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို
ပြင်ဆင်သည့်ဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေ
အမှတ် ၆/၂၀၀၆)
၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၄ ရက်
(၂၀၀၆ ခုနှစ်၊ မေလ ၃၀ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေတွင်–

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ(၄)၌ ပါရှိသော "တစ်လလျှင် ကျပ်လေးရာထက် မပိုသော"ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၄၊ ပုဒ်မခွဲ(၁)ကို အောက်ပါအတိုင်းအစားထိုးရမည်–

"(၁) အလုပ်ရှင်သည် မိမိ၏အလုပ်ကိုတစ်ဆက်တည်း ဆယ့်နှစ်လ ပြည့်အောင်လုပ်ခဲ့သည့် အလုပ်သမားအသီးသီးအား နောက်လာမည့် ဆယ့်နှစ်လအတွင်းတွင် သက်ဆိုင်ရာ ပျမ်းမျှ အခကြေးငွေဖြင့်ဖြစ်စေ၊ ပျမ်းမျှလစာငွေဖြင့်ဖြစ်စေ လုပ်သက်ခွင့်ရက်ကို ဆယ်ရက် တစ်ဆက်တည်းခွင့်ပြုရမည်။"

(ဂ) ပုဒ်မ ၄၊ ပုဒ်မခွဲ(၂)၌ ပါရှိသော"နှစ်ဆယ့်လေးရက်"ဆိုသည့်စကားရပ်ကို "ရက်နှစ်ဆယ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေတွင် ပုဒ်မ ၁၂၊ ၁၄၊ ၁၅ နှင့် ၁၆ တို့၌ ပါရှိသော "အင်စပက်တော်" ဆိုသည့် စကားရပ်ကို "စစ်ဆေးရေးအရာရှိ" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေတွင် ပုဒ်မ ၁၄၊ ပုဒ်မခွဲ(၁) နှင့် (၂)တို့၌ ပါရှိသော"ငါးရာထက်မပိုသော ငွေဒဏ်ကိုဖြစ်စေ"ဆိုသည့်စကားရပ်ကို "ကျပ်ငါးသောင်းထက် မပိုသော ငွေဒဏ်ကိုဖြစ်စေ"ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၅။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေပါဇယားတွင်–

(က) အမှတ်စဉ်(၅)၌ပါရှိသော"သတ္တုတွင်းအက်ဥပဒေ"ဆိုသည့် စကားရပ်ကို "မြန်မာ့သတ္တုတွင်း ဥပဒေ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) အမှတ်စဉ်(၈)ကို ပယ်ဖျက်ရမည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ရော်ဘာကို တိုးချဲ့စိုက်ပျိုးလုပ်ကိုင် တစ်ဖက်တစ်လမ်းမှ မွေးမြူရေးဆောင်ရွက်

ရန်ကုန် မေ ၃၀

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၆ ရက် နံနက် ၁၁ နာရီတွင် မန္တလေးတိုင်း မြစ်သားမြို့နယ် ကူမဲရှိ ငါးလုပ်ငန်းဦးစီးဌာန ကူမဲငါးမွေးမြူရေးစခန်းသို့ရောက်ရှိရာ တီလားပီးယားငါးမွေးမြူထားရှိမှုနှင့် ငါးသားဖောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တိုးချဲ့ဆောင်ရွက်

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် မေ ၂၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မိုင်းယော်ကားလမ်းဘေးရှိ ဗလမင်းထင်ကုမ္ပဏီ၏ ကုန်းမြင့်သာမြေဧက ၅၀၀၀ ဖော်ထုတ်ရေးစီမံကိန်းသို့ ရောက်ရှိလာပြီး တာဝန်ခံ ဦးခင်မောင်မြင့်က ဗလမင်းထင်ကုမ္ပဏီ၏ အုန်းဆံပင်၊ နာနတ်၊ ပျားလိမ္မော်စုစုပေါင်းဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေမှုကို ရှင်းလင်းတင်ပြရာ တိုင်းမှူး၊ ဝန်ကြီးတို့က လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးပြီး မွေးမြူရေး လုပ်ငန်းများကိုပါ တိုးချဲ့ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် ဗလမင်းထင်ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်မည့် *စာမျက်နှာ ၃ ကော်လံ ၁* ■

ကြည့်ရှုစစ်ဆေး

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ လားရှိုး အဆင့်မြင့် ဝက်မွေးမြူရေးခြံတွင် ကြည့်ရှုစစ်ဆေးစဉ်။
(မွေး/ရေ)

နိုင်ငံတော်အနေဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ အောင်မြင်စွာထိန်းချုပ်နိုင်ခဲ့ လူသို့ ရောဂါကူးစက်ဖြစ်ပွားလာပါက ကုသနိုင်ရန် ကြိုတင်စီစဉ်ထားပြီးဖြစ်

ရန်ကုန် မေ ၃၀

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ မေ ၂၂ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သော (၅၉)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံသို့ တက်ရောက်ခဲ့သည်။

ဝန်ကြီးသည် (၅၉)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံမစတင်မီ မေ ၂၁ ရက်တွင် ကျင်းပသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသတွင်းနိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ ကြိုတင်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး *စာမျက်နှာ ၁၁ ကော်လံ ၃* ✡

မြန်မာ–ကိုရီးယားချစ်ကြည်ရေး ကုသိုလ်ပြုဈေးရောင်းပွဲတော် ရုပ်ရှင်သရုပ်ဆောင်များစွာက ကိုရီးယားပစ္စည်းများရောင်းချပေးမည်

တွေ့ဆုံမေးမြန်းသူ - မောင်မောင့်မြင့်ဆွေ၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၃၀

မြန်မာ–ကိုရီးယားချစ်ကြည်ရေးအသင်းက ကြီးမှူးပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာ–ကိုရီးယားချစ်ကြည်ရေး ကုသိုလ်ပြု ကိုရီးယား လူသုံးကုန်ပစ္စည်းများ ဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ ကရဝိက်နန်းတော် ဥတ္တရခန်းမ၌ ဇွန် ၂ ရက်မှ ၄ ရက်အထိ ကျင်းပရန် စီစဉ်ထားသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ●

မြန်မာ–ကိုရီးယား ချစ်ကြည်ရေးကုသိုလ်ပြု ဈေးရောင်းပွဲတော်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက မြန်မာ့အလင်းသို့ ရှင်းပြစဉ်။
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)